မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၅ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးနှင့် လူမှုရေးဦးတည်ချက်များသည် နိုင်ငံသားတိုင်းအတွက် အသက်တမျှ အရေးကြီးမှုကို ပြည်သူတစ်ရပ်လုံး နားလည်သိမြင်ပြီး သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က မဏ္ဍိုင်ပြုပြီး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မြန်မာစာပေလောက၏ အစဉ်အလာကောင်းများနှင့်အညီ အမျိုးသားရေးတာဝန်ကို ဆက်လက်ထမ်းဆောင်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း — သတင်းဆောင်းပါးအညွှန်း

* အောင်သန်း (မင်္ဂလာတောင်ညွန့်)၏ စိုက်ပျိုးရေး အလှဆင် ကတိုက်ရေလှောင်တမံတစ်ခွင် သတင်းဆောင်းပါးကို စာမျက်နှာ (၇)တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၇ ရက်)

ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှု တိုးမြှင့်ဖော်ဆောင်ပေးနေ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်သည် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်ဆံသွားလာမှု လွယ်ကူမှသာ တိုင်းရင်းသားလူမျိုးအသီးသီး၏ လူနေမှုဘဝနှင့် အသိပညာအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ပြီး တိုင်းရင်းသားအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုများပြားလာ၍ ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိလာမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲက နောင်ကာလ၌ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကျရောက်ခဲ့လျှင် အသက်ကယ်လမ်းမကြီးအဖြစ် အချိန်တိုအတွင်း တိုက်ရိုက်ထောက်ပံ့ကူညီဆောင်ရွက်နိုင်ရန် အခိုင်အမာလမ်းမကြီးအဖြစ်ဖောက်လုပ်ရန် လမ်းညွှန်ပြထားခဲ့ပေသည်။

ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းမိုင်တိုင်အမှတ်(၁၂/၁) စိန်တောင်လမ်းဆုံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းလမ်းမကြီး (၁၀)သွယ်ကို အရှိန်အဟုန်မြှင့်ဖောက်လုပ်ခဲ့ရာ ယခုဖွင့်လှစ်ခဲ့သောလမ်းမကြီးသည် အရှည် ၉၆ မိုင်ရှိသည့် လမ်းကွန်ရက် အမှတ်(၉) ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းမကြီးဖြစ်သည်။

ဤလမ်းမကြီးကြောင့် ဧရာဝတီတိုင်း၏ အနောက်တောင်ဘက်စွန်းအရပ်ရှိ မြတ်မော်တင်မှ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်သို့ မော်တော်ယာဉ်ဖြင့် ခုနစ်နာရီအတွင်း သွားရောက်နိုင်ကြပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း နယ်မြေဒေသအလိုက် ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး လူမှုစီးပွားရေးသာမက ပညာရေး၊ ကျန်းမာရေးအဆင့် မြင့်မားလာစေရန် လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ တစ်ဦးချင်း ဝင်ငွေတိုးတက်မြင့်မားမှုနှင့် သက်သာချောင်ချိမှုရရှိစေမည့် ဆက်စပ်ကဏ္ဍစုံ တိုးတက်လာရေးကိုလည်း ဖော်ဆောင်ပေးလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၇-၅-၂၀၁၀

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၀ ၉။ **မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား အာဂျင်တီးနားနှင့် နယ်သာလန်**
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၉)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညီးတွင်မည့် ချင်သူ့ရဲကောင်း** အပိုင်း (၂၂)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင်ပါမောက္ခ ဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန်လိုအပ်သော MFRS for SMEs (Part-V) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မေ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် မေ ၂၆ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမဟာကံစမ်းမဲကံထူးရှင်များအား ဆုချီးမြှင့်

ရန်ကုန် မေ ၁၆

Ta-Fa Trading Co.,Ltd. မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော Follow Me & Secret Beauty Products အလှကုန် လူသုံးကုန်များကို ဝယ်ယူသုံးစွဲကြသည့် သုံးစွဲသူများအတွက် ရွှေမဟာကံစမ်းမဲအစီအစဉ်အရ ဧပြီ ၂၇ရက်က ရန်ကုန်မြို့ Parkroyal Hotel ၌ ကံထူးရှင်များကို ရွေးချယ်ခဲ့ပြီးဖြစ်ရာ အဆိုပါ ကံထူးရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီက ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် Ta-Fa Trading Co., Ltd. Managing Director ဦးကျင်စိန်**(အပေါ်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Marketing Executive မထက်ဝေရည်ကျော်က ကုန်ပစ္စည်းသစ်ဖြစ်သည့် Follow Me UV White Oxygen Advanced Skincare အလှကုန်ပစ္စည်းများကို ဗီဒီယိုဆလိုက်ဖြင့်လည်းကောင်း၊ လက်တွေ့လိမ်းခြယ် ပြသခြင်းဖြင့်လည်းကောင်း ကုန်ပစ္စည်း၏ အသားအရေအတွက် ထူးခြားထက်မြက်သည့် အာနိသင်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြ မိတ်ဆက်ပေးသည်။

ထို့နောက် ကံထူးရှင်များ ရွေးချယ်ရေးကော်မတီကိုယ်စား Business Consultant ဦးတင်အေးက ကံထူးရှင်များရွေးချယ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရွှေငါးကျပ်သားအထူးဆု ကံထူးရှင်တစ်ဦး၊ ပထမဆုငွေသားကျပ်သိန်း ၂၀ကံထူးရှင် တစ်ဦး၊ ဒုတိယဆုငွေသားကျပ် ၁၀သိန်း ကံထူးရှင် တစ်ဦး၊ တတိယဆု Sony LCD 32" TV နှင့် Home Theatre ကံထူးရှင်တစ်ဦး၊ စတုတ္ထဆု Sony LCD 32" TV ကံထူးရှင် နှစ်ဦးနှင့် ပဉ္စမဆု Fuji Digital Camera ကံထူးရှင် ငါးဦးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အဆိုပါကံထူးရှင်များ ဝယ်ယူခဲ့သည့် အရောင်းဆိုင်ကြီးများအားလည်း ကံထူးသည့် ဆုမဲတန်ဖိုးအလိုက် ၁၀ ရာခိုင်နှုန်း ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Assistant Marketing Manager ဦးသူရဝင်းက ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသော ဧည့်သည်တော်များအား ဧည့်သည်ကံထူးဆုငါးဆု ရွေးချယ်ပေးအပ်ကာ ညစာဖြင့် တည်ခင်းဧည့်ခံ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သီးခြားချီးမြှင့်

အထက်ပါ ကံထူးဆုများအပြင် အထူးနှစ်သိမ့်ဆု ငွေကျပ် ၅၀၀၀၀တန်ဖိုးရှိ Follow Me & Secret အလှကုန်ပစ္စည်းများ ကံထူးရှင် ၂၅ဦးနှင့် ငွေကျပ် ၂၅၀၀၀ တန်ဖိုးရှိ အလှကုန်ပစ္စည်းများ နှစ်သိမ့်ဆု ကံထူးရှင် ၁၀၀တို့အား ကုမ္ပဏီရုံးခန်းတွင် သီးခြားချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သူတော်ကောင်းတို့၏ အမှတ်အသား** တရားတော် (ပထမပိုင်း) (ဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ)
၆:၅၀ အံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၃)
၈:၃၀ Sports World
၈:၅၅ ကုသိုလ်ယူကာ....သဒ္ဒါပွား မြတ်သောအလှူဒါနများ
၉:၁၀ Activities in the City -ဂျမ်ဘိုရဲ့ ပစ္စည်းသစ်မိတ်ဆက်ပွဲ -Myanmar ICT Exhibition 2010 ပြပွဲမှ MSI နှင့် Acer
၉:၄၅ Global Panorama
၁၀:၅၅ လက်အုပ်တချီချီ အပြုံးပန်းတွေသီ
၁၁:၀၅ အနုပညာကြယ်တစ်ပွင့်နှင့် တွေ့ဆုံခဲ့စဉ်ခဏ
၁၁:၂၀ International Show Biz
၁၁:၄၀ ပြည်သူ့အတွက် EMS
၁၁:၅၀ ဦးဆုံးအစ ဘဝရဲ့အလှ (စည်သူမောင်ရဲ့ ဦးဆုံးအစ ဘဝအလှ)
၁၂:၀၀ စွမ်းအင်တို့ရဲ့ နှိုးစက် (ကခုန်ခြင်းနှင့် အားကစား)
၁၂:၂၀ စာအုပ်ပြခန်း (ပညာခရီးနှင့် ပညာမျက်စိစာအုပ် ရေးသားသူ စာရေးဆရာကြည်မင်းနှင့် တွေ့ဆုံခြင်း)
၁၂:၄၅ ဖျာပုံမြို့ ဂုဏ်ဆောင် မင်းကျောင်းတော်
၁:၀၀ **သူတော်ကောင်းတို့၏ အမှတ်အသား** တရားတော် (ပထမပိုင်း) (ဆရာတော် ဘဒ္ဒန္တအဘိဇာတာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ အများမြင်စရာ နှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့-တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၃)
၄:၁၀ အနုပညာကြယ်တစ်ပွင့်နှင့် တွေ့ဆုံခဲ့စဉ်ခဏ
၄:၂၀ ကုသိုလ်ယူကာ....သဒ္ဒါပွား မြတ်သောအလှူဒါနများ
၄:၄၀ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဖြူစင်တဲ့ နှလုံးသား** ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
၅:၀၅ Activities in the City -ဂျမ်ဘိုရဲ့ ပစ္စည်းသစ်မိတ်ဆက်ပွဲ -Myanmar ICT Exhibition 2010 ပြပွဲမှ MSI နှင့် Acer
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၃၅ အနုပညာမိုးကောင်းကင်
၇:၀၀ စာအုပ်ပြခန်း (ပညာခရီးနှင့် ပညာမျက်စိစာအုပ် ရေးသားသူ စာရေးဆရာကြည်မင်းနှင့် တွေ့ဆုံခြင်း)
၇:၁၅ လှပချစ်စရာ လက်မှုအနုပညာ (Pretty in Day & Night)
၇:၄၅ ဦးဆုံးအစ ဘဝရဲ့အလှ (စည်သူမောင်ရဲ့ ဦးဆုံးအစ ဘဝအလှ)
၈:၀၀ MRTV-4 သတင်း
၈:၃၀ အများမြင်စရာ နှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့-တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၃)
၁၀:၀၀ လက်အုပ်တချီချီ အပြုံးပန်းတွေသီ
၁၀:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၃၅ သဘာဝကပေးတဲ့ အကျိုးအာနိသင် **ဖြူစင်တဲ့နှလုံးသား** ဇေယျ၊ ထူးသာ၊ ပွင့်နဒီမောင်၊ ဒေါ်အောင်မြင့်ကြည် [ဒါရိုက်တာ- ကြည်သာ (ပွဲကြိုက်ခင်)]
၁၀:၅၅ လှပချစ်စရာ လက်မှုအနုပညာ (Pretty in Day & Night)
၁၁:၂၅ **မီးမီးရဲ့ ဆုံးဖြတ်ချက်** နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း၊ [ဒါရိုက်တာ-အောင်မိုး (ပဲရစ်)]
၁၁:၃၅ ကိတ်မုန့်ပေါ်က အနုလက်ရာ
၁၁:၅၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဆိတ်၊ သိုးမွေးမြူရေးနှင့် Export လုပ်ငန်း)
၁၂:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည် မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေ့ညမဟူ သတိမူ ရန်သူမီးကိုသာ

မိမိတို့အပေါ်ကျရောက်လျက်ရှိသော သမိုင်းပေးတာဝန်များကို အလေးအနက်သိမြင် စာပေ၊ စာနယ်ဇင်း ကျင့်ဝတ်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်

❒ ရွှေဖုံးမှ

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားသည်။

စွမ်းစွမ်းတမံ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရန်ဆိုသော အမျိုးသားရေးရည်မှန်းချက်ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည့် မျက်မှောက်ကာလတွင် **“အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်”** ဆိုသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုး၊ မြန်မာစာပေလောကအကျိုး စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်နေကြသည့် အမျိုးသားရေးအင်အားစု စာပေပညာရှင်များ၊ စာနယ်ဇင်းပညာရှင်များအားလုံးကို ယခုကဲ့သို့ တစုတစည်းတည်း ဆုံတွေ့ခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် ၁၉၉၃ခုနှစ်တွင် ပထမအကြိမ် ညီလာခံစတင်ကျင်းပခဲ့ပြီး အဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ လေးနှစ်တစ်ကြိမ် ညီလာခံများကျင်းပလာခဲ့ရာ၌ ယခုနှစ်တွင် ပဥ္စမအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် စာပေပညာရှင်၊ စာနယ်ဇင်းလောကသားများအနေဖြင့် အမျိုးသားအင်အားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာဖွဲ့စည်းရပ်တည်လာခဲ့မှုကို ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း။

မီဒီယာမျိုးစုံ

မျက်မှောက်ကာလတွင် သိပ္ပံနှင့် နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်မှုနှင့်အတူ နည်းပညာရပ်များ သာလွန်ပိုင်ဆိုင်ထားသည့် နိုင်ငံကြီးများအနေဖြင့် စာနယ်ဇင်းအပါအဝင် မီဒီယာများကို ချုပ်ကိုင်ပြီး ၎င်းတို့၏ အကျိုးစီးပွားအတွက် ဩဇာလွှမ်းမိုးရေး၊ ဝါဒဖြန့်ချိရေးလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင်ပင် (Globalization) နှင့်အတူ မီဒီယာမျိုးစုံကနေ ဝင်ရောက်လာသည့် တိုင်းတစ်ပါးအတွေးအခေါ်၊ အယူအဆများနှင့် ယဉ်ကျေးမှုများကနေ မိမိတို့ တိုင်းရင်းသားများ၏ အမျိုးသားယဉ်ကျေးမှုကို ထိပါးစေလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရုံမျှဖြင့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးဖြစ်ချင်မှ ဖြစ်မည်ဖြစ်ကြောင်း၊ လူမှုရေးပိုင်းတွင် အလေးအနက်မထားပါက ယဉ်ကျေးမှု ဆုတ်ယုတ်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အေး ချမ်းသာယာရေးအတွက် မျိုးရိုးစဉ်လာ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မပျောက်ပျက်ရေးကို ပေါင်းစပ်ဆောင်ရွက်ကြရန် လိုကြောင်း”** သတိပေးလမ်းညွှန် မိန့်ကြားခဲ့ကြောင်း။

ဂုဏ်ယူမြတ်နိုး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မိမိတို့နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ၊ ပတ်ဝန်းကျင်ကောင်းများ ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၏ အနှစ်သာရကို သိမြင်ခံစားပြီး ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးသည့်စိတ်ဓာတ် အစဉ်ရှင်သန်နေစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများအပါအဝင် အနုသုခုမ၊ စာပေဆိုင်ရာ ပြပွဲပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဆက်တည်း၌ပင် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံများ ပြန်လည်တူးဖော်ထိန်းသိမ်းခြင်းဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက အဆင့်အတန်းမြင့်မားစွာရှိခဲ့သော ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များအနေဖြင့် ဂုဏ်ယူမြတ်နိုးတတ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် လူမှုရေးဦးတည်ချက်များသည် နိုင်ငံသားတိုင်းအတွက် အသက်တမျှ အရေးကြီးမှုကို ပြည်သူတစ်ရပ်လုံး သိမြင်နားလည်ပြီး သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားရေး အင်အားစုဖြစ်သော မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က မဏ္ဍိုင်ပြုပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တစ်ချိန်တည်း၌ပင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ဒေသတွင်း နိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြမည့် မျိုးဆက်သစ်များအနေဖြင့် တိုင်းတစ်ပါးသရုပ်ပျက်ယဉ်ကျေးမှုများ ထိုးဖောက်လွှမ်းမိုးမှုကို တားဆီးကာကွယ်ပြီး တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေးစားမြတ်နိုးမှု၊ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာမှု၊ အရည်အသွေးပြည့်ဝသော နိုင်ငံသားကောင်းများအဖြစ် ရည်မှန်းကြိုးပမ်းမှုစသည့် အမျိုးသားရေး အမွေခံကောင်း၊ အခြေခံကောင်းများကို စာပေစွမ်းအားဖြင့် တည်ဆောက်ပေးကြရမည်ဖြစ်ကြောင်း။

စာပေ၊ စာနယ်ဇင်းဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်အသီးသီးအနေဖြင့် မိမိတို့၏ ဝါသနာ၊ စေတနာ၊ ယုံကြည်ချက်များအပေါ် အရင်းခံပြီး နှစ်ကာလပေါင်းများစွာ ရင်းနှီးပေးဆပ် အနစ်နာခံမှုများစွာဖြင့် စာပေလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်များနှင့် ပြည်နယ်နှင့် တိုင်းများမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပိုမိုမြင့်မား

ယခုကဲ့သို့ ရင်းနှီးပေးဆပ်မှုများစွာဖြင့် တည်ဆောက်ယူလာခဲ့သည့် မိမိတို့၏ ကလောင်နှင့် စာပေစွမ်းရည်များဖြင့် မြန်မာစာပေအဆင့်အတန်း ပိုမိုမြင့်မားရေး၊ ပြည်သူများအတွင်း မှန်ကန်သော အမျိုးသားရေးအတွေးအခေါ်များ ခိုင်မြဲရှင်သန်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို လေးစားလိုက်နာတတ်မှု အလေ့အထများ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားရေးတို့အတွက် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

တစ်ချိန်တည်း၌ပင် နိုင်ငံတော်နှင့် တိုင်းရင်းသားများအကြား နည်းမျိုးစုံဖြင့် ဖျက်လိုဖျက်ဆီးပြုလုပ်နေကြသည့် အဖျက်သမားများကို တွန်းလှန်ဖယ်ရှားရေး၊ သမိုင်းရေး လိုအပ်ချက်အရ ဖော်ဆောင်လျက်ရှိသော နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ အမျိုးသားရေးမျက်နှာစာတွင် တာဝန်ယူနေကြသည့် စာပေ၊ စာနယ်ဇင်းဆိုင်ရာပညာရှင်များကို စွမ်းဆောင်မှုအလိုက် တစ်သက်တာစာပေဆုများ၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုများ နှစ်စဉ်ချီးမြှင့်ခြင်း၊ သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ဂါရဝပြုခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုစာပေများကို ရေးသားခဲ့ကြသည့် စာပေပညာရှင်ကြီးများ၏ တန်ဖိုးကို သိမြင်သော ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း စာပေဆုများ ချီးမြှင့်ဂုဏ်ပြုလျက်ရှိနေကြကြောင်း။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဥ္စမအကြိမ်ညီလာခံကို ကျင်းပနေသည့် ယခုနှစ်တွင် နိုင်ငံတော်အနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အနက် ပဥ္စမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်ပြီး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေချိန်လည်းဖြစ်ကြောင်း။

တစ်တပ်တစ်အား

ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရာတွင် ဒီမိုကရေစီနှင့် လွတ်လပ်မှုကို အလွန်အကျွံအစွန်းရောက် အသုံးချမှုများ၊ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ပြည်ပသွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်ပနိုင်ငံများအပါအဝင် မိမိတို့ပြည်တွင်း၌ပါ သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အနိဋ္ဌာရုံများ၊ အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး အမျိုးသားရေးရည်မှန်းချက်လမ်းကြောင်းမှ သွေဖည်မသွားစေရေးအတွက် ကြိုးပမ်းကြရာတွင် စာပေ၊ စာနယ်ဇင်းပညာရှင်များအနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်ကြရမည်ဖြစ်ကြောင်း။

တစ်ချိန်တည်း၌ပင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် ထူထောင်ရာတွင် တရားဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်ကြီးများ မတိမ်းမစောင်း တည့်မတ်နေစေရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာပေနှင့်စာနယ်ဇင်း နယ်ပယ်အနေဖြင့် စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ရေးသားဖွဲ့ဆိုမှု၊ အသိပညာပေး စည်းရုံးလှုံ့ဆော်ပေးနိုင်မှု၊ အမျိုးသားရေးလမ်းကြောင်းကို မီးမောင်းထိုးတည့်မတ်ပေးနိုင်မှုစသော မြန်မာစာပေလောက၏ တိုင်းကျိုးပြည်ပြု အစဉ်အလာကောင်းများနှင့်အညီ အမျိုးသားရေးတာဝန်ကို ဆက်လက်ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း။

ကျေပွန်စွာထမ်းဆောင်

ထို့ကြောင့် စာပေညီလာခံကို တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အပေါ် ကျရောက်လျက်ရှိသောသမိုင်းပေးတာဝန်များကို အလေးအနက်သိမြင်ပြီး စာပေ၊ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်သင့်သည့် တိုင်းကျိုးပြည်ပြု အစဉ်အလာကောင်း လုပ်ငန်းစဉ်များကို ကိုယ်စွမ်းဉာဏ်စွမ်း အပြည့် အဝဖြင့် တက်ကြွစွာ ပါဝင်ဆွေးနွေး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ တစ်ဆက်တည်း၌ပင် ယခုကျင်းပသွားမည့် စာပေညီလာခံကနေ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာတွင် စာပေ၊ စာနယ်ဇင်းပညာရှင်များအနေဖြင့် ၂၁ရာစု မြန်မာ့လူ့ဘောင်၏ ခေတ်ပြောင်းကာလ စတုတ္ထမဏ္ဍိုင်၏ အမျိုးသားရေးတာဝန်များ ကျေပွန်စွာ ထမ်းဆောင်ရေးကိုလည်း ထည့်သွင်းချမှတ်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော စာပေပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသည့် အနိဋ္ဌာရုံများ၊ အတွေ့အကြုံများအပေါ် သင်ခန်းစာယူပြီး အမျိုးသားရေး ရည်မှန်းချက်လမ်းကြောင်းမှ သွေဖည်မသွားစေရေးအတွက် ကြိုးပမ်းကြရာတွင် စာပေ၊ စာနယ်ဇင်း ပညာရှင်များအနေဖြင့်လည်း တစ်တပ်တစ်အား ပါဝင်ကြရမည်။

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မေ ၁၆

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၈)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ကျောင်းဖွင့်ချိန်နှင့် ပုဂ္ဂလိကပညာရေး၊ ကမ္ဘာ့စီးပွားရေး ဦးမော့လာပြီလို့ ပြောနိုင်ပြီလား၊ မြို့တော်ရန်ကုန်၌ ရောင်စုံပန်းအလှပင်နှင့် အရိပ်ရပင် နှစ်သိန်းကျော်စိုက်ပျိုးမည်၊ ဘားအံမြို့နယ် ပိုမိုစည်ကားဖွံ့ဖြိုး၊ အမြို့မြို့အနယ်နယ် သောက်သုံးရေအခက်အခဲ ဘယ်လိုရင်ဆိုင်ဖြေရှင်းသလဲ၊ ကြားပွဲစားများကြောင့် သင်္ဘောသားများ ထိခိုက်ဒဏ်ရာရသေဆုံးမှုအတွက် မိသားစုများနစ်နာဆုံးရှုံး စသည့် မျက်နှာဖုံးသတင်းဆောင်းပါးများ၊ မောင်ဝံသ၊ နေဇင်လတ်၊ ဦးစိန်ထွန်းဦး၊ ထွန်းနေဦးတို့၏ လေ့လာမှတ်သားဖွယ် ရသစုံဆောင်းပါးများကို ဖော်ပြထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အမျိုးသားဒီမိုကရေစီအင်အားစုဖြစ်မြောက်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်းနှင့် ဖြစ်မြောက်ရေးအဖွဲ့ဝင်အချို့၏ နိုင်ငံရေးအစဉ်အလာများကို စုစည်းတင်ပြထားသည့် သူတို့အမြင်သူတို့အကြောင်း၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဥက္ကဋ္ဌ ကိုညိုမင်းလွင်နှင့် တွေ့ဆုံမေးမြန်းခြင်းစသည်ဖြင့် စုံလင်စွာဖော်ပြထားသည်။

ထို့ပြင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နိုင်ငံတကာအားကစား၊ ကမ္ဘာ့တစ်လွှားထူးခြားဖြစ်ရပ်များနှင့် မှုခင်းစုံစသည့်ကဏ္ဍများ ဝေဝေဆာဆာဖော်ပြပါရှိသည်။

ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်မည်၊ ဗီယက်နမ်က မြန်မာပြည်မှာ ရော်ဘာစိုက်ပြီး ကမ္ဘာ့ဈေးကွက်ထိုးဖောက်မည်၊ ပြည်ပတွင် တစ်နှစ်ကျော်ကြာလုပ်ခ မရသူ မြန်မာသင်္ဘောသားသုံးဦး၏ ရင်ဖွင့်သံတို့ကိုပါ ဖော်ပြထားသည်။ **(သတင်းစဉ်)**

နိုင်ဂျီးရီးယား၌ ရေနံချက်စက်ရုံများ တရုတ်တည်ဆောက်

နိုင်ရိုဘီ မေ ၁၆

နိုင်ဂျီးရီးယားနိုင်ငံပိုင် ရေနံလုပ်ငန်း(အင်န်အင်န်ပီစီ)နှင့် တရုတ်ဆောက်လုပ်ရေးစက်မှုကော်ပိုရေးရှင်း (စီအက်စ်စီအီးစီ)တို့ပူးပေါင်းကာ အမေရိကန်ဒေါ်လာ ၂၃ဘီလီယံရင်းနှီးမြှုပ်နှံလျက် ရေနံချက်စက်ရုံသုံးရုံ တည်ဆောက်ရန် သဘောတူလက်မှတ်ရေးထိုးကြောင်း မေ ၁၅ရက်တွင် ပြည်နယ်မီဒီယာများက သတင်းထုတ်ပြန်သည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ဂျီးရီးယားနိုင်ငံ၏ လောင်စာဆီအခက်အခဲ ဖြည့်ဆည်းပေးရေးအတွက် တရုတ်အစိုးရက ရေနံချက်စက်ရုံသုံးရုံတည်ဆောက်ရေးကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းစီမံကိန်းလုပ်ငန်းများပြီးစီးပါက နိုင်ဂျီးရီးယားနိုင်ငံ၌ တစ်နေ့လျှင် ရေနံစည်ပေါင်း ၇၅၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ရေနံချက်စက်ရုံသုံးရုံတည်ဆောက်ပြီးစီးပါက ရေနံသွင်းကုန်ပမာဏ ရပ်ဆိုင်းနိုင်မည်ဟု အင်န်အင်န်ပီစီက မျှော်လင့်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အစ္စရေးသို့ ဒုံးကျည်စနစ်ပေးရန် အမေရိကန်သမ္မတအိုဘားမားလိုလား

နယူးယောက် မေ ၁၆

အမေရိကန်အောက်လွှတ်တော်က အစ္စရေးအား ဒေါ်လာသန်း ၂၀၀ကျော်တန်ဖိုးရှိ ဒုံးကျည်စနစ်သစ်တစ်ရပ် ထောက်ပံ့ပေးစေရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက လိုလားလျက်ရှိကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက မေ ၁၆ရက်၌ ပြောကြားသည်။

အမေရိကန်သမ္မတ အိုဘားမား

ယင်းကြောင့် အစ္စရေးက အငြင်းပွားဖွယ်ရာရှိသည့် ဒုံးကျည်စနစ်ကို ဖြန့်ကြက်ထားနိုင်မည်ဖြစ်သည်။

ပြောကြား

အမေရိကန်အစိုးရက အစ္စရေးတွင် ယင်းဒုံးကျည်စနစ်မျိုးရှိရန် လိုအပ်မှုကို အသိအမှတ်ပြုသည်ဟု အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ တော်မီဗိုင်းတာက ပြောကြားသည်။

သမ္မတအိုဘားမားက အစ္စရေးနိုင်ငံ၏လုံခြုံရေးအတွက် မိမိတို့ တာဝန်ယူထားမှုသည် ခိုင်မာမှုရှိပြီး မိမိတို့၏ကာကွယ်ရေးကဏ္ဍဆိုင်ရာ ဆက်ဆံရေးသည် ယခင်ထက်ခိုင်မာလာသည်ဟု ပြောကြားချက်ကို ဗိုင်းတာက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

အယ်လ်ဂျီးရီးယား၌ လျှော်လှုပ် နှစ်ဦးသေဆုံး၊ ၄၃ဦးဒဏ်ရာရ

အယ်လ်ဂျီးယားစ် မေ ၁၆

အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် မေ ၁၄ရက်က ရစ်ချ်တာစကေး ၅ဒသမ၂ရှိ လျှော်တစ်ခုလှုပ်သွားရာ နှစ်ဦးသေဆုံးပြီး ၄၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖော်ပြ

အဆိုပါငလျင်သည် အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်း မင်လိုဇာပြည်နယ်ကို ဗဟိုပြု၍လှုပ်သွားပြီး ဒဏ်ရာရရှိသူ ၄၃ဦးအနက် ၂၃ ဦးမှာ ဆေးကုသမှု ခံယူလျက်ရှိပြီး ကျန်လူများအား ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ကြေညာချက်ကို အေပီအက်စ် သတင်းဌာနက ကိုးကားဖော်ပြသည်။

(အင်တာနက်)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟီဖီမြို့ သိပ္ပံနှင့် နည်းပညာပြတိုက်၌ ကျင်းပသော နည်းပညာပြပွဲအတွင်း ပြသထားသည့် စက်ရုပ်ကို မေ ၁၅ရက်က တွေ့ရစဉ်။ (အဆိုပါပြပွဲအတွင်း စက်ရုပ်အမျိုးပေါင်း ၁၆မျိုးအထိ ပါဝင်ပြသခဲ့ကြောင်း သိရသည်။)

(ဆင်ဟွာဓာတ်ပုံ)

ရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့ရှိ ရိုမေးနီးယား သမိုင်းပြတိုက်၌ လာရောက်ကြည့်ရှု လေ့လာသူများကို မေ၁၆ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ကမ္ဘောဒီးယားနှင့်ဗီယက်နမ် ဆေးရုံ ပူးတွဲတည်ဆောက်

ဖနောင်ပင် မေ ၁၆

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ ပူးပေါင်းတည်ဆောက်သည့် ဆေးရုံတည်ဆောက်ရေး အုတ်မြစ်ချ အခမ်းအနားသို့ ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်နှင့် ဗီယက်နမ်ဒုတိယဝန်ကြီးချုပ်တို့ တက်ရောက်ကြကြောင်း ဆင်ဟွာသတင်း၌ မေ ၁၆ရက်၌ ဖော်ပြသည်။

တည်ဆောက်

အဆိုပါဆေးရုံ ပူးပေါင်းတည်ဆောက်ခြင်းလုပ်ငန်းကို အမေရိကန်ဒေါ်လာသန်း၄၀ခန့် ကုန်ကျခံတည်ဆောက်ရန် စီစဉ်ထားသည်ဟု ဆိုသည်။

ဆေးရုံ၌ အထပ်ငါးထပ်ပါရှိမည်ဖြစ်ပြီး လူနာခုတင် ရာနှင့်ချီ၍ ထားရှိမည်ဖြစ်ကာ နှစ်နှစ်အတွင်း အပြီးတည်ဆောက်ရန် စီစဉ်ထားသည်။

ကမ္ဘောဒီးယားပြည်သူများအနေဖြင့် ဗီယက်နမ်သို့ သွားရောက် ဆေးကုသမှုခံယူနေရခြင်းကို သက်သာစေရန်ရည်ရွယ်၍ အဆိုပါဆေးရုံကို တည်ဆောက်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး တီဟီရန်မြို့တော်တွင် တိုက်ခိုက်ခံရ

တီဟီရန် မေ ၁၆

အီရန်နိုင်ငံ တီဟီရန်မြို့တော်၌ အီရန်နိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီးမှာ ၎င်း၏ကားအတွင်း၌ အာဖဂန်အကြမ်းဖက်သမားတစ်ဦး၏တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားကြောင်း မေ ၁၅ရက်တွင် ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ သံသယရှိသူတစ်ဦးအား ဖမ်းဆီးထားခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်အရ နိုင်ငံပိုင် အယ်လ်အလမ်အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ပြင်းထန်စွာဒဏ်ရာရ

ပါကစ္စတန်သံအမတ်ကြီး မိုဟာမက်ဘာကာအစ်ဘာစီသည် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရပြီး ၎င်း၏ကိုယ်ရံတော်နှစ်ဦး သေဆုံးခဲ့ရသည်ဟု ယင်းနေ့စောစောပိုင်းက ဒူဘိုင်းအခြေစိုက် အယ်လ်-အရာဘီယာရုပ်မြင်သံကြားက သတင်းထုတ်ပြန်ခဲ့သော်လည်း သံအမတ်ကြီး အစ်ဘာစီမှာ တစ်ကိုယ်တည်းကိုယ်တိုင်လာခြင်းဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

အီရန်နှင့် တာဂျစ်ကစ္စတန် ကာကွယ်ရေး နားလည်မှုစာချုပ် ချုပ်ဆိုမည်

တီဟီရန် မေ ၁၆

အီရန်အစိုးရနှင့်အိမ်နီးချင်း တာဂျစ်ကစ္စတန်အစိုးရတို့အနေဖြင့် နှစ်နိုင်ငံ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း အင်တာနက်သတင်းတွင် မေ ၁၅ ရက်က ဖော်ပြသည်။

ထုတ်လွှင့်

အီရန်ကာကွယ်ရေးဝန်ကြီး ဘီရစ်ဂျင် အာမက်ဗာဟီဒီသည် တာဂျစ်ကစ္စတန်နိုင်ငံသို့ မေ ၁၂ ရက်ညပိုင်းက နှစ်ရက်ကြာ အလည်အပတ်ခရီး ရောက်ရှိခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ပူးပေါင်းဆောင်ရွက်

အီရန်အစိုးရနှင့် တာဂျစ်ကစ္စတန်အစိုးရတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ဗာဟီဒီကထုတ်ဖော် ပြောကြားသည်။

(အင်တာနက်)

အီရတ်၌ ဗုံးပေါက်ကွဲ ၂၅ဦးသေဆုံး ၁၀၀ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၆

အီရတ်နိုင်ငံအနောက်ပိုင်းတွင် မေ ၁၄ ရက်က ဗုံးပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၅ဦးသေဆုံးပြီး ၁၀၀ထက် မနည်းဒဏ်ရာရရှိခဲ့သည်။

ပြောကြား

မိုဆူးလ်မြို့တော်နှင့် ကီလိုမီတာ ၇၀ ကွာဝေးသော တဲလ်အဖာမြို့တော် ဝမ်းဒါခရိုင်တွင် ဘောလုံးပြိုင်ပွဲကျင်းပနေစဉ် အတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် အသေခံကားဗုံး ဆက်လက်ပေါက်ကွဲခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ကပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ စစ်သွေးကြွ ၅၁ဦး ဖမ်းဆီးရမိ

အစ္စလမ္မာဘတ် မေ ၁၆

ပါကစ္စတန်အနောက်မြောက်ပိုင်း လူမျိုးစုများနေထိုင်ရာဒေသသို့ လုံခြုံရေး တပ်ဖွဲ့ဝင်များ ဝင်ရောက်ရှာဖွေခဲ့ရာ စစ်သွေးကြွဟုယူဆရသူ ၅၁ဦးအား ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက မေ ၁၅ရက်တွင် ကြေညာသည်။

တိုက်ခိုက်ချေမှုန်း

ခိုင်ဘာတောင်ကြားသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များရှာဖွေမှုပြုလုပ်ခဲ့ရာ လက်နက်များကို သိမ်းဆည်းရရှိခဲ့ပြီး သံသယရှိသူဟု ယူဆရသူများအား ဖမ်းဆီးခဲ့သည်။ ရှာဖွေနေစဉ် ပြန်လည်ခုခံသော စစ်သွေးကြွ ၁၀ဦးအား လေကြောင်းမှ တိုက်ခိုက်ချေမှုန်းခဲ့သည်။

(အင်တာနက်)

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ အလုပ်သမားများ ပြန်ပေးဆွဲခံရ

အစ္စလမ္မာဘတ် မေ ၁၆

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း လူမျိုးစုဒေသတွင် အလုပ်သမား ၃၃ဦးထက် မနည်း ပြန်ပေးဆွဲခံရကြောင်း တာဝန်ရှိသူများက မေ ၁၆ရက်၌ ဆင်ဟွာသို့ ပြောကြားသည်။

ပြန်ပေးဆွဲ

ပါကစ္စတန်အနောက်မြောက်ပိုင်း ခါရမ်လူမျိုးစုဒေသ၌ လုပ်ငန်းခွင်မှ ပြန်လာသော ရေနှင့်လျှပ်စစ်ဌာနမှ အလုပ်သမားများအား စစ်သွေးကြွများက မေ ၁၆ရက်၌ ပြန်ပေးဆွဲသွားခြင်းဖြစ်သည်ဟု ဆိုသည်။

ဖော်ပြ

အဆိုပါပြန်ပေးသမားများနောက်သို့ ရဲတပ်ဖွဲ့က လိုက်လံချေမှုန်းလျက်ရှိပြီး အစောပိုင်းသတင်းများ၌ ပြန်ပေးဆွဲခံရသူ ၆၀ခန့်ရှိသည်ဟု သတင်းတွင်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရေလွှမ်း

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ မိုးသည်းထန်သဖြင့် ရေလွှမ်းမှုဖြစ်ပွားနေသည်ကို မေ ၁၅ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

လေယာဉ်ပုံးခွဲမည့်သတင်းကြောင့် စောင့်ကြပ်ခဲ့ရ

ကာသေးပစိဖိတ်လေကြောင်းပိုင် ခရီးသည်တင်လေယာဉ်တစ်စင်းကို ဗုံးခွဲမည်ဟူသော သတင်းကြောင့် ဘန်ကူဘားလေဆိပ်သို့မဆင်းသက်မီ ကနေဒါလေတပ်မှ တိုက်လေယာဉ် နှစ်စင်းက ဝန်းရံပျံသန်းကာ စောင့်ကြပ်ပေးခဲ့ရကြောင်း ကနေဒါလေကြောင်းအရာရှိများက မေ ၁၆ရက်၌ ပြောကြားသည်။

မနီလာမြို့အနီး မီးလောင်မှုဖြစ်ပွား

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အနီး လေးမိုင်ခန့်အကွာရှိ မွန်တင်လူပါမြို့တွင် မေ၁၅ရက်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၈၀၀ခန့် မီးလောင်ခံခဲ့ရပြီး ဒေသခံ ၄၀၀၀ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်ဟု မနီလာမြို့ မီးသတ်တပ်ဖွဲ့က မေ ၁၆ရက်၌ ပြောကြားသည်။

အိုက်စလန်မီးတောင် ထပ်မံပေါက်ကွဲပြန်

အိုက်စလန်မီးတောင် ထပ်မံပေါက်ကွဲမှုကြောင့် မေ ၁၆ရက် နံနက်က အိုက်စလန်နိုင်ငံဝေဟင်တွင် မီးတောင်မှုပြာမှုန်များ လွင့်ပျံလျက်ရှိကြောင်း၊ မီးတောင်ပြာမှုန်များ အုပ်ဆိုင်းနေမှုကြောင့် ပြည်တွင်းလေဆိပ်အများအပြားကို ပိတ်ထားရကြောင်း အိုက်စလန် အရာရှိများက ပြောကြားသည်။ ***(အောက်ပုံ)***

တရုတ်တောင်ပိုင်းဒေသများ မုန်တိုင်းသတိပေးချက်ထုတ်ပြန်

တရုတ်တောင်ပိုင်းဒေသများဖြစ်သော ဟူနာ၊ ကိုင်ကျိုး၊ ချုံချင်းပြည်နယ်များတွင် လာမည့်သုံးရက်အတွင်း မိုးသက်လေပြင်းများကျရောက်ပြီး မုန်တိုင်းများတိုက်ခတ်နိုင်ကြောင်း တရုတ်မိုးလေဝသဌာနက မေ ၁၆ရက်၌ သတင်းထုတ်ပြန်သည်။

ဘရာဇီးမြောက်ပိုင်း၌ လေယာဉ်ပျက်ကျ

ဘရာဇီးနိုင်ငံမြောက်ပိုင်း ဆူရီနိမ်းပြည်နယ်မြို့တော် ပါရာမာရီဘိုမှ မေ ၁၆ရက် နံနက်က ပျံသန်းလာသော လေယာဉ်ငယ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်အပျက်အစီးများနှင့် သေဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း ဘရာဇီးအရာရှိများက ပြောကြားသည်။

အင်ဒိုနီးရှားကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ် မြို့တော်မာနာဒို အနောက်တောင်ပိုင်းကမ်းလွန်တွင် မေ ၁၆ ရက် နံနက်က ရစ်ချ်တာစကေး ၆ ရှိသည့် အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ထိခိုက်မှုနှင့်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း အင်ဒိုနီးရှားအရာရှိများက သတင်းထုတ်ပြန်သည်။

တူရကီဝန်ကြီးချုပ် ဂရိသို့ အလည်အပတ်ခရီးသွားရောက်

တူရကီဝန်ကြီးချုပ် အာဒိုဂန်သည် နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရန်နှင့် အိုလံပစ်ကိစ္စရပ်များတွေ့ဆုံဆွေးနွေးရန် ဂရိနိုင်ငံသို့ မေ ၁၆ရက်က နှစ်ရက်ကြာ အလည်အပတ်ခရီးအဖြစ် သွားရောက်ကြောင်း တူရကီအရာရှိများက ပြောကြားသည်။

ပြင်သစ်အကျဉ်းသားတစ်ဦး အီရန်ပြန်လွှတ်ပေး

အီရန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဇူလိုင်လက ဖမ်းဆီးထားသော ပြင်သစ်အကျဉ်းသားတစ်ဦးအား အီရန်တို့က မေ ၁၆ ရက်၌ ပြန်လည်လွှတ်ပေးလိုက်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ပြည်မြို့၌ကျင်းပ

ပြည် မေ ၁၆

(၆၄)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ခေတ္တရာအားကစားကွင်းတွင် မေ ၅ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်အား မီးသတ်တပ်ဖွဲ့ဝင်များက အလေးပြုကြပြီး တိုင်းဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်များအား အလေးပြုကြသည်။ ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်

ယင်းနောက် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်းတွင် ပါဝင်ချီတက်ခဲ့ကြသော ပဲခူးတိုင်း(အနောက်ပိုင်း)မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအားလည်းကောင်း၊ လက်နက်မဲ့ စစ်ရေးပြပထမ၊ ဒုတိယ ဆုရရှိသူများအားလည်းကောင်း၊ ဗဟိုမီးသတ်သင်တန်းကျောင်းတွင် ဆုရရှိခဲ့သူများအားလည်းကောင်း၊ မီးသတ်တပ်ဖွဲ့အတက်ကြွဆုံးတပ်စု(၇၆)အားလည်းကောင်း တိုင်းဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်မြို့တွင်းသို့ စစ်ကြောင်းပုံစံဖြင့် အင်အားပြချီတက်လှည့်လည်ကာ ဗိုလ်ချုပ်ကျောက်ရုပ်စုရပ်တွင် မီးသတ်ယာဉ်စက်စွမ်းရည်သရုပ်ပြမှုတို့ကို ပြသဆောင်ရွက်သည်။ (၀၅၇)

တောင်ဥက္ကလာပမြို့နယ်(၆)ရပ်ကွက် ကုန်းဘောင်လမ်း အမှတ် ၇၇၉နေ ဦးစိုးဟန်-ဒေါ်သန်းညွန့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ကျိုင်းတုံမြို့နယ်တွင် ခေတ်မီစက်များဖြင့် စံကွက်ရိတ်သိမ်း

ကျိုင်းတုံ မေ ၁၆

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တိုးတက်ရေး စံကွက်ရိတ်သိမ်းပွဲကို မေ ၂ရက်နံနက်ပိုင်းက ကျိုင်းတုံမြို့နယ်ဝပ်ဆောင်းကျေးရွာအုပ်စု ဟတ်ဟိုင်းစံပြကျေးရွာအနီး တောင်သူဦးစိုင်းဆီဝန်းနှင့် ဦးစိုင်းဆမ်တို့၏ စံပြစိုက်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်စန်းက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများအား စပါးအထွက်တိုးရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက်ခေတ်မီစက်များဖြင့် စပါးရိတ်သိမ်းခြင်းနှင့် ခြွေလှေ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်ရောင်းချသော ဈေးတန်းများရှိရေမြောင်းများအတွင်း အညစ်အကြေးများနှင့် အမှိုက်များ တူးဖော်ခြင်းကို တာဝန်ခံအင်ဂျင်နီယာနှင့် ဈေးခေါင်း(၄)တို့ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတ၌ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေး

ဟသ်ာတ မေ ၁၆

ဧရာဝတီတိုင်းငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတတိုးပွားရေး၊ ငါးထုတ်လုပ်မှုတိုးတက်စေရေး၊ သဘာဝမျိုးငါးများ လျော့နည်းပျောက်မှုမရှိစေရေး၊ ကျေးလက်ဒေသနေပြည်သူများ ငါးစားသုံးမှုပိုမိုစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲအခမ်းအနားကို မေ ၆ရက် နံနက် ၁၀နာရီက ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးစိန်သောင်းတို့က ဟသ်ာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းရေပြင်များ၊ ဂရန်အင်းများ၊ တင်ဒါပိုက်ချက်များ၊ ဘုံငါးဖမ်းရေပြင်များတွင် ငါးမျိုးပြုန်းတီးမှုမရှိစေရေးအတွက် ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရေး၊ ငါးမျိုးပြုန်းတီးစေသော ဘက်ထရီရှော့တိုက်၊ အဆိပ်ဆေးချ ငါးဖမ်းခြင်း၊ ငါးရစ်ငါးသန်ဖမ်းဆီးခြင်းများ မရှိစေရေးနှင့် အင်း၊ ချောင်းများ အရှည်တည်တံ့ကောင်းမွန်စေရေး၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုကြောင့် ငါးလုပ်ငန်းရေပြင်များတွင် သဘာဝငါးများပျောက်ကွယ်မှုမရှိစေရေးအတွက် ရှင်းလင်းဆွေးနွေးပြီး ဟသ်ာတခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဦးနှင့် ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစံဝင်းတို့က ရေလုပ်သားများကိုယ်စား ပူးပေါင်းလိုက်နာဆောင်ရွက်ရေး ပြန်လည် ရှင်းလင်းတင်ပြသည်။

တက်ရောက်

အခမ်းအနားသို့ ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြသည်။ (၁၇၇)

ပညာဘဏ်စာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် သဲပြားကျေးရွာတွင်ဖွင့်

ရန်ကုန် မေ ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဥတိုကျေးရွာအုပ်စု သဲပြားကျေးရွာတွင် မေ၆ရက် နံနက်၉နာရီက ပညာဘဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်သီတာစန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးလှိုင်မင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက စာကြည့်တိုက်နှင့်ပတ်သက်သော သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်မျိုးစုံ ၁၅၅ အုပ်နှင့် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့၌

သောက်သုံးရေ လုံလောက်စွာ ရရှိစေရေးအတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၆

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့် ဒေသများ၌ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေလုံလောက်စွာ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းအတွင်းရှိ ဘုတလင်မြို့နယ် ရှမ်းတဲကျေးရွာ၊ မုံရွာမြို့နယ် ကျောက္ကာကျေးရွာ၊ ချောင်းဦးမြို့နယ် မြေနီကျင်းကျေးရွာ၊ စစ်ကိုင်းမြို့နယ် ရွာသာယာကျေးရွာ၊ ဝက်လက်မြို့နယ် အရှေ့ရွှေကျင်ကျေးရွာ၊ ရွှေဘိုမြို့နယ် ကဗျုံကျေးရွာ၊ မြောင်မြို့နယ် တမဆေးကန်ကျေးရွာနှင့် မြင်းမူမြို့နယ် မဲနောကျေးရွာများရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် တာဝန်ရှိသူများက အဖွဲ့ပိုင် ရေသယ်ယာဉ် ၁၂စီးဖြင့် သောက်သုံးရေ ဂါလန် ၁၁၇၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

မကွေးတိုင်း

အလားတူ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် တာဝန်ရှိသူတို့က မေ ၁၄ ရက်တွင် ဂန့်ဂေါမြို့နယ် ပြည့်ဝကျေးရွာ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် အဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ကိုလည်းကောင်း၊ ပေါက်မြို့နယ် ယာပြင်ကြီးကျေးရွာ၊ ချောက်မြို့နယ် ဘုန်းဘွဲ့ကျေးရွာ၊ ပခုက္ကူမြို့နယ် မြောက်လူးကန်ကျေးရွာများရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့်လည်းကောင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

တနင်္သာရီတိုင်း

ထို့အတူ တနင်္သာရီတိုင်းသရက်ချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေ ၁၄ ရက်တွင် ညောင်ဇင်ကျေးရွာ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ရေသယ်ယာဉ်တစ်စီးနှင့် ထော်လာဂျီတစ်စီးတို့ဖြင့် သောက်သုံးရေဂါလန် ၄၆၀၀ ကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး ဦးဆောင်၍ဝန်ထမ်းများက မေ ၁၃ ရက်မှစ၍ ကော့ကရိတ်မြို့ အမှတ်(၃)နှင့် အမှတ်(၇) ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် အဖွဲ့ပိုင် ရေသယ်ယာဉ်တစ်စီးနှင့် မီးသတ်ယာဉ်နှစ်စီးတို့ဖြင့် သောက်သုံးရေဂါလန် ၁၀၀၀၀ကိုလည်းကောင်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ပဲခူးတိုင်း

အလားတူ ပဲခူးတိုင်း ပဲခူးမြို့နယ် စိုင်းတီကျေးရွာ၊ မုက္ကလကျေးရွာ၊ ကလိကျေးရွာ၊ ပေပင်ချောင်းကျေးရွာ၊ ရှမ်းရွာကြီးကျေးရွာနှင့် မယင်းကျေးရွာများရှိ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မေ ၁၅ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ် ငါးစီး၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကအလှူရှင်များ၏ ရေသယ်ယာဉ် ၂၂စီးတို့ဖြင့် သောက်သုံးရေ ဂါလန် ၃၆၀၀၀ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

ဧရာဝတီတိုင်း

ထို့အတူ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေးအတွက် ဒေသအာဏာပိုင်များ၊ မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၃ရက်နှင့် ၁၄ ရက်တို့တွင် လပွတ္တာမြို့ပေါ်ရပ်ကွက် အမှတ်(၁)၊ အမှတ်(၇)၊ အမှတ်(၈)၊ အမှတ်(၉) ရပ်ကွက်များသို့ သောက်သုံးရေ ဂါလန် ၁၂၈၀၀ကိုလည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ် ခုံစင်ကုန်းကျေးရွာအုပ်စု ရာပန်းကုန်းကျေးရွာ၊ အညာတန်းကျေးရွာ၊ ကျုံတုံးကလေးကျေးရွာအုပ်စု တလိုင်းစုကျေးရွာများသို့ သောက်သုံးရေဂါလန် ၂၄၀၀ ကိုလည်းကောင်း ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေ ၁၄ရက်တွင် စိန်ပန်းရပ်ကွက်နှင့် ရွှေတောင်ရပ်ကွက်တို့ရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် အဖွဲ့ပိုင် ရေသယ်ယာဉ်လေးစီးနှင့် ပုဂ္ဂလိကပိုင် ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် သောက်သုံးရေဂါလန် ၇၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

ယခုနွေနှောင်းပိုင်းကာလတွင် ရာသီဥတုပူပြင်းခြောက်သွေ့သဖြင့် ဒေသအချို့၌ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းလျက် သောက်သုံးရေ ရရှိရေး အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သောက်သုံးရေများဝေငှ

ရန်ကုန်တိုင်း ဒလမြို့နယ် စက်မြေရပ်ကွက်၌ ဒလမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ကားများဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ သောက်သုံးရေများ ဝေငှပေးစဉ်။

(မီးသတ်)

ဒေသအာဏာပိုင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍

တောင်ကြီးမြို့၌ ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရေပေးရေးကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရေထွက်ရေကန် ခုနစ်ခုမှ ရေဂါလန် ၁၀ ဒသမ ၂သိန်းနှင့် အဖွဲ့ပိုင်စက်ရေတွင်း ၂၅ တွင်း၊ အများသုံးရေကန် ၂၅ ကန်၊ အများသုံးရေတိုင် ခုနစ်တိုင်တို့မှ ရေပေးဝေမှုမှာ ရေဂါလန်သုံးသိန်းဖြစ်၍ တစ်နေ့ရေပေးဝေမှုမှာ ၁၃ ဒသမ ၂သိန်း ဖြန့်ဝေပေးလျက်ရှိသည်။

ဖြန့်ဝေပေး

ယခုအခါ ရာသီဥတုပူပြင်း၍ ရေခန်းခြောက်မှုကြောင့် ရေတွင်းများခန်းခြောက်ခြင်း၊ စက်ရေတွင်းများ ရေအားလျော့နည်းခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသအာဏာပိုင်များနှင့် ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများသည် မြို့ပေါ်ရေရှားပါးလာသော ကျောင်းကြီးစုရပ်ကွက်၊ ကန်သာရပ်ကွက်၊ စိန်ပန်းရပ်ကွက်၊ ရတနာသီရိရပ်ကွက်၊ ချမ်းမြသာစည်ရပ်ကွက်၊ ရွှေတောင်ရပ်ကွက်၊ ချမ်းသာရပ်ကွက်များသို့ မေ ၅ ရက်မှစ၍ အလှည့်ကျစနစ်ဖြင့် သောက်ရေ ဖြန့်ဝေပေးလျက်ရှိသည်။

ဆောင်ရွက်ပေး

မေ ၁၄ ရက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ် လေးစီး၊ ပုဂ္ဂလိကရေသယ်ယာဉ်နှစ်စီးဖြင့် စိန်ပန်းရပ်ကွက် နယ်မြေ(၁)နှင့် နယ်မြေ (၂)နှင့် ရွှေတောင်ရပ်ကွက် နယ်မြေ (၂)နှင့် နယ်မြေ (၃)တို့အတွက် ရေဂါလန် ၇၀၀၀ကို ရပ်ကွက်နေလူဦးရေ ၁၅၀၀ ကျော် သောက်ရေ ဖြန့်ဖြူးပေးဝေခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေဖြန့်ဝေပေး

တောင်ကြီးမြို့၌ ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။

(နယ်စပ်စည်ပင်)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျေးလက်ရေရရှိရေး လုပ်ငန်းဖြစ်သော ပမွတီးကျေးရွာ ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို မေ ၁၁ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

သောက်သုံးရေ ပေးဝေ

တောင်ကြီးမြို့ စိန်ပန်းရပ်ကွက် နယ်မြေ(၁)၊ နယ်မြေ(၂)တို့တွင် သောက်သုံးရေ ပေးဝေမှုကို တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(နယ်စပ်စည်ပင်)

စိုက်ပျိုးရေးအလှဆင် ကတိုက်ရေလှောင်တမံတစ်ခွင်

➢ သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်) ➢ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး(မြန်မာ့အလင်း)

သထုံ မေ ၁၆

မွန်ပြည်နယ် သထုံခရိုင်က ပေါင်မြို့ လယ်မြေဧက ၁၀၀၀၀ကို ဆည်ရေပေး ဝေနေသည့် ကတိုက်ရေလှောင်တမံသို့ မြန်မာ့အလင်း သတင်းအဖွဲ့ လေ့လာရေး ခရီးထွက်ခဲ့ကြသည်။ လွန်ခဲ့သော ဧပြီ ၂၆ရက်က ဖြစ်ပါ၏။ သထုံမြို့ ဆည် မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံးမှ ထွက်ခွာလာခဲ့သည်။ သထုံမြို့နှင့် ပေါင်မြို့ သည် ၁၃ မိုင်သာ ကွာဝေးသည်။ ရန်ကုန်- မော်လမြိုင် ကားလမ်းမကြီးမှ မြေသား လမ်းအတိုင်း ငါးမိုင်ခန့်ဝင်လျှင် ကတိုက် ရေလှောင်တမံသို့ ရောက်ရှိသည်။ ကတိုက် ရေလှောင်တမံ ပတ်ပတ်လည်တွင် ဇင်းကျိုက်တောင်၊ ဂေါ့တောင်၊ ကုလားမ တောင်များက တောင်စွယ်၊ တောင်တန်း များ ဝိုင်းရံနေသည်။ နေပူချိန် ပြင်းပြင်း အောက်တွင် စိမ်းစိုစိုနှင့် မှိုင်းညို့ညို့ တောင်တန်းများနှင့် ဆည်ရေပြင်က မျက်စိ ပသာဒ အေးမြစေသည်။ ဆည်၏အထက် တောင်စွယ်ထိပ်တွင် တည်ထားသော ဆည်တော်ဦးစေတီ၏ လေအဝှေ့တွင် ပျံ့လွင့်လာသော ဆည်းလည်းသံသာက လည်း ကြည်နူးဖွယ်ရာပင်....။

အလုံအလောက်

ကတိုက်ရေလှောင်တမံကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး(၁)ရုံး တည်ဆောက်ရေး (၆) သထုံမြို့မှ တည်ဆောက်ခဲ့သည်။ ၂၀၀၇ခုနှစ် ဧပြီ ၃၀ရက်က ဖွင့်လှစ်ကာ ပေါင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ကို မိုးစပါး၊ နွေစပါးနှင့် သီးထပ် သီးညှပ်များ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေ အလုံအလောက် ပေးနေပြီဖြစ်သည်။ ကတိုက်ရေလှောင်တမံကို မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ ကတိုက်ချောင်းကိုပိတ်၍ တည်ဆောက်ထားခြင်းဖြစ်သည်။ ကတိုက် ချောင်းမှာ မွန်ဘာသာစကားဖြင့် ငါးပတ် ပေါသောချောင်းဟု မှတ်သားရသည်။

သီးထပ်စိုက်ပျိုးရေး

သတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသော ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဌေးက ရေလှောင်တမံ တည် ဆောက်ရခြင်းအကြောင်း ရှင်းပြရာတွင် ‘‘ကတိုက်ရေလှောင်တမံ တည်ဆောက်ကာ မိုးရေများ၊ တောင်ကျရေများ ထိန်းသိမ်း ထားခြင်းဖြင့် ပေါင်မြို့နယ် ရင်းငြိမ်ချောင်း အောက်ပိုင်းရှိ လယ်မြေများ ရေနစ်မြုပ် ခြင်းမှ ကာကွယ်နိုင်ရန်နှင့် လယ်မြေဧက ၁၀၀၀၀ကို နွေစပါးနှင့် သီးထပ်စိုက်ပျိုး နိုင်ရေး ရေချို ပေးဝေရန်ဖြစ်ကြောင်း၊ လယ်မြေများရှိရာသို့ ရေအရောက်ပို့ပေး နိုင်ရန် တူးမြောင်းလုပ်ငန်းနှင့် ရေနုတ် မြောင်းလုပ်ငန်း နှစ်ခုရှိကြောင်း၊ တူး မြောင်းလုပ်ငန်းမှာ ၂၆-၄-၂၀၁၀ရက်အထိ လုပ်ငန်းပမာဏ၏ ၉၈ဒသမ ၈၄ရာခိုင်နှုန်း ပြီးစီးနေပြီး ရေနုတ်မြောင်းလုပ်ငန်းအနေ ဖြင့် ၃၀ ဒသမ ၄၈ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း၊ ဆည်ရေသောက်စနစ် တည် ဆောက်ခြင်းတွင် ဆောင်ရွက်နေသော တူးမြောင်းအဆောက်အအုံ တည်ဆောက် ခြင်းလုပ်ငန်းမှာ တူးမြောင်းအဆောက်အအုံ ၅၅ခုရှိသည့်အနက် ၄၇ခု ဆောင်ရွက်ပြီး ၍ လုပ်ငန်း၏ ၈၅ဒသမ ၄၅ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်ကျန်ရှိသော တူးမြောင်း မြေကြီးလုပ်ငန်းနှင့် တူးမြောင်းအဆောက် အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကို ယခု ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက် နေပါကြောင်း၊ ရင်းငြိမ်ချောင်းမှ ရေဖြင့် ပေါင်းကာ ယခုလက်ရှိ နွေစပါး ဧက ၅၀၀ကို ရေပေးဝေလျက်ရှိပါ ကြောင်း’’ ဖြင့် ရှင်းပြသည်။

ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံမှ ရေပေးတူးမြောင်းနှင့် မူလချောင်းရေ ပြန်ခွဲဝေပေးမည့် ရေခွဲမြောင်းကို တွေ့ရစဉ်။

ကတိုက်ရေလှောင်တမံ

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့် အကွာတွင် လယ်မြေဧက ၁၀၀၀၀ကို ဆည်ရေပေးဝေနေသည့် ကတိုက်ရေလှောင် တမံနှင့် ရေထိန်းမျှော်စင်တို့ကို ရေသိုလှောင်ထားမှုနှင့်အတူ တောင်စွယ်၊ တောင်တန်း နောက်ခံအလှဖြင့် ဤသို့ တွေ့ရသည်။

ရေနုတ်မြောင်းစနစ်

မြန်မာ့အလင်းသတင်းအဖွဲ့နှင့်အတူ လိုက်ပါလာသည့် ဦးစီးအရာရှိ ဦးခင်ဇော် က ကတိုက်ရေလှောင်တမံ တည်ဆောက် ထားပုံကို ရှင်းပြပြောဆိုရာတွင် ‘‘ကတိုက် ရေလှောင်တမံသည် မြေသားတမံ အမျိုး အစားဖြစ်ပြီး တမံအလျားပေ ၅၂၀၀ရှိ၍ တမံအမြင့် ၁၃၄ပေရှိကြောင်း၊ ကန်ရေ ပြည့် ရေလှောင်ပမာဏသည် ဧကပေ ၅၆၀၀၀ဖြစ်ပြီး ရေအသုံးပြုနိုင်သည့် ပမာဏသည် ဧကပေ ၅၂၀၀၀ရှိကြောင်း၊ လယ်မြေဧက ၁၀၀၀၀အတွက် ရေလိုအပ် ချက်သည် ၅၀၃၇၅ ဧကပေရှိသဖြင့် လုံလောက်စွာ ရေပေးဝေနိုင်ကြောင်း၊ လယ်ယာမြေဧက ၁၀၀၀၀မှာ နွေစပါး ဧက ၈၀၀၀၊ ပဲမျိုးစုံဧက ၁၂၅၀နှင့် ဆီထွက်သီးနှံဧက ၇၅၀တို့ ဖြစ်ကြောင်း’’ ရှင်းပြသည်။ လယ်မြေများသို့ ဆည်ရေ ပေးဝေပုံကို ဆက်လက် ရှင်းပြရာ ‘‘ကတိုက်ရေလှောင်တမံမှ ရန်ကုန်၊ မော်လမြိုင်ရထားလမ်းအထိကို တူးမြောင်း စနစ်ဖြင့် လယ်မြေများသို့ ရေပေးဝေမည် ဖြစ်ပြီး မီးရထားလမ်းမှ အောက်ဘက် ရင်းငြိမ်ရေတံခါးအထိကို ရေနုတ်မြောင်း စနစ်ဖြင့် ရေပေးဝေမည်ဖြစ်ပါကြောင်း၊ မီးရထားလမ်းအောက်ဘက်ရှိ လယ်မြေ များမှာ ရေကြီးကွင်းများဖြစ်၍ တူးမြောင်း စနစ်ဖြင့်ဆောင်ရွက်ပါက ရေကြီးနစ်မြုပ်မှု များစွာ ဖြစ်စေနိုင်သောကြောင့် ရေနုတ် မြောင်းစနစ်ဖြင့် ရေကြီးရေကို ဆွဲထုတ် ခြင်း၊ ကတိုက်ရေလှောင်တမံ ရေချိုကို သွင်းပေးခြင်းဖြင့် ဆောင်ရွက်နေပါ ကြောင်း’’ ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြ သည်။

‘‘လယ်မြေဧက ၁၀၀၀၀ကို နွေစပါးနဲ့ သီးထပ်စိုက်ပျိုးနိုင်ရေး အတွက် ရေပေးဝေမှာဖြစ်ပါတယ်’’
ဦးညွန့်ဌေး
လက်ထောက်ညွှန်ကြားရေးမှူး
တည်ဆောက်ရေး(၆)။

‘‘မီးရထားလမ်းအပေါ်ဘက်ကို တူးမြောင်းစနစ်နဲ့ ရေပေးပြီး အောက်ဘက်ကိုတော့ ရေနုတ်မြောင်းစနစ်နဲ့ ပေးမှာဖြစ်ပါတယ်’’
ဦးခင်ဇော် (ဦးစီးအရာရှိ)
ဆည်မြောင်းဦးစီးဌာန။

ရေနုတ်မြောင်းစနစ်ဖြင့် ရေပေးဝေ

ရထားလမ်းအောက်ပိုင်း လယ်မြေများကို ရေနုတ်မြောင်းစနစ်ဖြင့် ဤသို့ ရေပေးဝေနေသည်။

အလှဆင်

ကတိုက်ရေလှောင်တမံစီမံကိန်း၏ လက်ရှိရေနုတ်မြောင်းတူးခြင်းမှာ လုပ်ငန်း တစ်ခုလုံး၏ ၃၀ရာခိုင်နှုန်းသာ ဆောင်ရွက် ပြီးသော်လည်း နွေစပါးဧက ၅၀၀၀ခန့် ကို ရေပေးဝေခြင်း၊ ရေတင်စိုက်ပျိုးနိုင် ခြင်းတို့ကို ဆောင်ရွက်နိုင်ပေသည်။ စီမံကိန်းတစ်ခုလုံး ဆောင်ရွက်ပြီးစီးပါက လျာထားသတ်မှတ်သည့် ဧက ၁၀၀၀၀ ထက်ကျော်လွန်ကာ ရေပေးဝေစိုက်ပျိုးနိုင် တော့မည်ဖြစ်၍ ပေါင်မြို့နယ်တစ်ခွင် စိုက်ပျိုးရေးဖြင့် အလှဆင် သီးနှံအထွက် တိုးကာ မြေကြီးက ရွှေသီးတော့မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း သတင်းခရီး တစ်ထောက် ရေးသားပေးပို့လိုက်ရပါ ကြောင်း။ ။

(မြန်မာ့အလင်း)

❍ *ကျောဖုံးမှ*

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံ ကျင်းပရေး ဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) အတွက် အလှူရှင်များ လှူဒါန်းသည့် အလှူငွေနှင့် စာအုပ်စာစောင်များကို လက်ခံစဉ်။ (သတင်းစဉ်)

တိုင်းကျိုးဝေဖြာ စာညီလာ

❒ ကဗျာနဲ့ စကားပြေ
အခွန့်ရှည်ကြာညောင်း။
❒ နှစ်ရာထောင်ချီလို့
တည်ခဲ့တဲ့သမိုင်းကြောင်း။
❒ စာနယ်ဇင်းအဖုံဖုံ
တွေ့အကြုံရေးကာသား။
❒ မှတ်မကုန်ဖတ်မငြီး
သုတကြီးထွား။
❒ သုတဘဏ်ပမာပုံ
မွေ့မကုန်ဒို့ကြုံကြိုက်။
❒ ကျေးရွာစုံ ဖွင့်ပါဘိ
ဒို့စာကြည့်တိုက်။
❒ စာပေဂုဏ်တင့်မှ
မြင့်ပါရ ထိုလူမျိုး။
❒ အမျိုးဂုဏ်မြင့်စေဖို့
မြှင့်ကြစာတန်ခိုး။
❒ သမိုင်းတစ်ခေတ်
ထွန်းသစ်လို့ ဝေတော့မည်။
❒ စာဆိုရှင် စာသမား
စွမ်းအားကိုယ်စီ။
❒ စိတ်ထားတူညီ
ပြည်သစ်တည်နှောင့်မနေး။
❒ အတွေးသစ် မြော်အမြင်နဲ့
စိတ်ကောင်းယှဉ် စာကိုပြုကာဖြင့်
ဒို့ပြည်ထောင် လူမှုစီးပွားကို
မြင့်မားအောင် စေတနာမှန်နဲ့
ဒို့ကျင့်ကြံအားမာန်နှိုးပါလို့
ကြိုးကြမယ်လေး။ ။

မင်းရွှေမင်း (အင်းစိန်)

တက်ရောက်

ပဉ္စမအကြိမ်ညီလာခံပထမနေ့သို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံ ကိုယ်စားလှယ်များနှင့် လေ့လာသူများတက်ရောက်ကြသည်။

ညီလာခံပထမနေ့တွင် အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင် (တက္ကသိုလ်သန်း)က ဆောင်ရွက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံကျင်းပရေးဗဟိုကော်မတီသို့ ငွေကျပ်သိန်း ၅၀ကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးမှတစ်ဆင့် ပေးအပ်လှူဒါန်းကြောင်း ကြေညာသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံကျင်းပရေးဗဟိုကော်မတီနာယက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) အတွက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းထံ အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာ စာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် အလှူရှင်များက ပေးအပ်လှူဒါန်းသော အလှူငွေနှင့် စာအုပ်စာစောင်များမှာ ငွေကျပ် ၈၇၂၂၀၀၀တန်ဖိုးရှိ စာအုပ် စာစောင်၊ ဂျာနယ် ၉၀၀၀ကျော်နှင့် အလှူငွေ ငွေသား ကျပ်သုံးသိန်းဖြစ်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံ ပထမနေ့တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဘာပတိ

ထို့နောက် ပဉ္စမအကြိမ် ညီလာခံ ပထမနေ့ နံနက်ပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် ဦးခင်ဇော် (ဦးခင်ဇော်- မရမ်းကုန်း)၊ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး(ငြိမ်း) (တင်သန်းဦး)၊ ဦးထိန်မင်း (မင်းအေးငြိမ်းချေ)၊ ဦးခင်ထွန်း (ကျော်ဟိန်းအောင်)၊ ဒေါ်စီစီညွန့် (မစိမ်းဇော်)နှင့် ဒေါ်ခင်ဝင်း (ခင်ခင်ဝင်း-ပညာရေး)တို့က ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် ညီလာခံပထမနေ့တွင် အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ) အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက ညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၂၂၁ဦးရှိသည့်အနက် ၂၀၆ဦးတို့တက်ရောက်ကြသဖြင့် ၉၃ ဒသမ ၆၅ရာခိုင်နှုန်းရှိ၍ ညီလာခံအထမြောက်ကြောင်း ကြေညာသည်။

မှတ်တမ်းတင်ဂုဏ်ပြု

ဆက်လက်၍ အခမ်းအနားမှူးက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံသို့ သဝဏ်လွှာနှင့် ဂုဏ်ပြုပန်းခြင်းပေးပို့လာသော ညီနောင်အသင်းအဖွဲ့များနှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအား ကျေးဇူးတင်မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗဟိုအမှုဆောင်ကော်မတီ၏အစီရင်ခံစာကို အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)က လည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာကို ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း) (ခင်မောင်ထွန်း-လမ်းမတော်)ကလည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က လည်းကောင်း၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့ အစီရင်ခံစာကို တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ)ကလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် စည်းမျဉ်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက်တင်သွင်းခြင်းကို ဒုတိယ ဥက္ကဋ္ဌ (၃) ဦးမြင့်သိန်း (မြင့်သိန်းအောင်)ကလည်းကောင်း ဖတ်ကြားတင်သွင်းကြပြီး ညီလာခံကို ခေတ္တရပ်နားသည်။

ယင်းနောက် ညီလာခံကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်း(မြင့်သိန်းအောင်)က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးဝင်းမောင် (ဇာဂရ-သရက်တော)၊ ဦးစိန်လှ(သိပ္ပံစိုးမြင့်နိုင်)၊ ဦးမြင့်ဆွေ(ဆွေနွယ်ဦး)၊ ဦးအုန်းမောင် (ရွှေညာသားမြတ်မင်း)၊ ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်)နှင့် ဦးတင်ထွန်းအုန်း (မန်းခြိမ့်ဖလေ့)တို့ကဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဆောင်ရွက်သည်။

ထောက်ခံဆွေးနွေး

ရှေးဦးစွာ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဒေါပုံမြို့နယ်မှ ဦးမိုးအောင် (မောင်မောင်မိုးအောင်)၊ ဇဟန်းမြို့နယ်မှ ဒေါ်နီနီတင်(နီနီ-မြန်မာစာ)၊ လှိုင်သာယာမြို့နယ်မှ ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်)နှင့် ပေါက်ခေါင်းမြို့နယ်မှ ဒေါ်ဖြူဖြူခိုင်(ခြူးနွယ်)တို့က ထောက်ခံဆွေးနွေးကြသည်။

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်၏များအတွက် ညီလာခံကိုယ်စားလှယ် ပဲခူးမြို့မှ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်)က ထောက်ခံဆွေးနွေးပြီး ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာအား ထောက်ခံဆွေးနွေး အကြံပြုချက်များအပေါ် ဗဟိုအမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းမောင် (သန်းမောင်)က ပြန်လည်ဖြေကြားသည်။

ခေတ္တရပ်နား

ထို့နောက် ကွယ်လွန်ခဲ့ကြသော မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်းအဆိုကို ဗဟိုအမှုဆောင်ကော်မတီဝင် ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က ဖတ်ကြားတင်သွင်းပြီး ညီလာခံသို့ တက်ရောက် လာကြသူများက တစ်မိနစ်ငြိမ်သက်ကြကာ ညီလာခံကိုခေတ္တရပ်နားသည်။

ယင်းနောက် ညီလာခံကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာအလှည့်ကျ သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းမောင် (သန်းမောင်)က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)၊ ဦးသိန်းဝင်း (ထက်မြက်ထိုက်)၊ ဦးသိန်းထွန်း (ညောင်ခါးရှည်မှိုင်းဝေ)၊ ဦးစိုးနိုင်ဆွေ (နိုင်ဇေယျ-မန်းတက္ကသိုလ်)၊ ဒေါ်နီနီအေး (ရှင်နီ)နှင့် ဦးမြင့်ဦး (ဖြူး-မြင့်ဦး)တို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး (၃) ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)က ဆောင်ရွက်သည်။

အဆိုတင်သွင်း

ရှေးဦးစွာ ညီလာခံတွင် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အတည်ပြုရန် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော နေပြည်တော်တပ်ကုန်းမြို့မှ ဦးမောင်သန်း(မောင်သက်နှင်း-မြောက်ဥက္ကလာပ)က အဆိုတင်သွင်းပြီး မန္တလေးမြို့မှ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)က ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ဘဏ္ဍာရေးအစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် စာပေရန်ပုံငွေ အစီရင်ခံစာများကို အတည်ပြုရန် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော မင်းပြားမြို့မှ ဦးသိန်းဇံ (မင်းပြား-သိန်းဇံ)က အဆိုတင်သွင်းပြီး ဗိုလ်တထောင်မြို့နယ်မှ ဦးမြင့်ဆွေ (မြင့်ဆွေမြင့်)က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြင်ဆင်ချက်ကို အတည်ပြုရန် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဇီးကုန်းမြို့မှ ဦးခင်မောင်ထွန်း (မင်းသွေးနွယ်-ဇီးကုန်း)က အဆိုတင်သွင်းပြီး မကွေးမြို့မှ ဦးတင်အောင်ငွေ (နေခြည်-မကွေး)က ထောက်ခံဆွေးနွေးသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် စွမ်းဆောင်ရည်ဆုရရှိကြသော မြို့နယ်များအား ဆုများကို ချီးမြှင့်ရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ(တက္ကသိုလ်တင်ခ)က စွမ်းဆောင်ရည် ပထမဆုရ မရမ်းကုန်းမြို့နယ်၊ ဒုတိယဆုရ လှိုင်သာယာမြို့နယ်နှင့် တတိယဆုရ မော်လမြိုင်မြို့နယ်တို့မှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၃) ဦးမြင့်သိန်း(မြင့်သိန်းအောင်)က စွမ်းဆောင်ရည်ဆု အထူးဆုရရှိကြသော အင်းစိန်မြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် မုံရွာမြို့နယ်များမှ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအားလည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က စွမ်းဆောင်ရည်ဆု အထူးဆုရရှိကြသော ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကင်းမြို့နယ်၊ ပခုက္ကူမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်များမှ မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့များအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုငွေလှူ

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် စာပေညီလာခံအတွက် ဂုဏ်ပြုအလှူငွေများကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ၄၅ဖွဲ့တို့က စုစုပေါင်းငွေကျပ် ၁၀၁၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တွဲဖက်အတွင်းရေးမှူး(၁) ဦးသန်းလှိုင်(တက္ကသိုလ်သန်း)၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)၊ ဘဏ္ဍာရေးမှူး ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း) (ခင်မောင်ထွန်း - လမ်းမတော်)နှင့် စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)တို့က လက်ခံကြပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံ ပထမနေ့ကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ ယင်းညီလာခံ ဒုတိယနေ့ကို မေ ၁၇ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေး တိုင်မီးများနှင့် မီးဖို မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝ မပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မေ ၁၆

သက်ကြီးရွယ်အိုစောင့်ရှောက်မှု သင်တန်းဖွင့်မည်

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၌ ဖွင့်လှစ်မည့် အခြေခံသူနာပြုနှင့် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်မှုသင်တန်းကို ဇူလိုင် ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလ ခြောက်လကြာမည်ဖြစ်ကာ သင်တန်းတက်လိုသူများ ဖုန်း-၅၄၆၁၉၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ကြည့်ရှုအားပေးနိုင်

မန္တလေးတိုင်းအားကစားနှင့် ကာယပညာကော်မတီနှင့် Myanmar Double Strone တို့ ပူးပေါင်းကျင်းပမည့် ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မေ၁၇ ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့ ဗထူးကွင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ရာ ခြင်းဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးနိုင်သည်။

အခြေခံအင်္ဂလိပ်စာ သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ပညာရေးလုပ်ငန်းအဖွဲ့ခွဲက စမ်းချောင်းမြို့နယ် အထက(၂)၌ အမျိုးသမီးများအတွက် အခြေခံအင်္ဂလိပ်စာသင်တန်း အဆင့် (၁)နှင့် (၂)ကို မေ ၂၂ရက်မှ ဇူလိုင် ၁၁ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အသေးစိတ်ကို အထက(၂) စမ်းချောင်း၌ စုံစမ်းနိုင်သည်။

မေလထုတ် သုတပဒေသာ စာစောင်ဖြန့်ချိ

စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော မေလထုတ် သုတပဒေသာ စာစောင်ကို ဘာသာပြန်ကဗျာ၊ ဆောင်းပါးနှင့် ဝတ္ထုများ၊ ဗဟုသုတဖြစ်ဖွယ်သုတ၊ရသအကြောင်းအရာများဖြင့် စုံလင်စွာဖော်ပြ၍ ဖြန့်ချိထားပြီး နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉/၅၃၁ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ထား

ကျေးလက်ယဉ်ကျေးမှုဓလေ့နှင့် သဘာဝအလှများ၊ ဘဝသရုပ်ဖော်အကြောင်းအရာများရေးဖွဲ့ထားသော ဝတ္ထုတိုများကို ဒို့ကျေးရွာဂျာနယ်မှ ပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ထားပြီး ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၂၂၈ ဖုန်း-၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့သို့ စက်တင်ဘာ ၂၀ရက် နောက်ဆုံးထားပြီး ဆက်သွယ်ပေးပို့နိုင်သည်။

အလေးမဒိုင်လူကြီးသင်တန်း တက်ရောက်နိုင်

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ဖွင့်လှစ်မည့် အလေးမဒိုင်လူကြီးသင်တန်းကို အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၌ မေ ၂၄ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၈၁၆၀သို့ စုံစမ်းနိုင်သည်။

ဟက်ကက်၏ ကစားပွဲ ဗွီစီဒီဖြန့်ချိ

အနုပညာလောက၌ သရုပ်ဆောင်နှင့် မော်ဒယ်အဖြစ် နှစ်များစွာ လှုပ်ရှားခဲ့သော ဟက်ကက်၏ ကစားပွဲအမည်ရှိ တေးစီးရီးကို တိပ်၊ စီဒီဖြင့် ထုတ်ဝေခဲ့ရာမှ ယခုအခါ ဗွီစီဒီအဖြစ် ထွက်ရှိနေပြီဖြစ်သည်။

ဂီတဖျော်ဖြေပွဲ ကျင်းပမည်

ယနေ့လူငယ်များ ကြိုက်နှစ်သက်သောဂီတဖြစ်သည့် ဟစ်ဟော့ပ်ဂီတနှင့် ပတ်သက်၍ Myanmar Hip Hop Day ဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ မြရိပ်ညိုဟိုတယ်၌ မေ ၃၀ ရက်တွင် ကျင်းပနိုင်ရန်စီစဉ်နေပြီး စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ ကောင်းမြတ်၊ စန္ဒီမြင့်လွင် အစရှိသည့် လူငယ်အဆိုတော်များစွာဖြင့် ကျင်းပမည်ဖြစ်သည်။

ပန်းချီ မြိတ်ဝင်းထိန်၏ ပန်းချီပြပွဲကြည့်ရှုခံစားနိုင်

ရုပ်ပြလောက၌ အောင်မြင်ခဲ့သော ပန်းချီဆရာမြိတ်ဝင်းထိန်၏ တတိယအကြိမ်မြောက် ပန်းချီပြပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ Myanmar Art Centre ၌ မေ ၈ရက်မှ ၂၉ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ပန်းချီဝါသနာရှင်များ လာရောက်လေ့လာ ကြည့်ရှုခံစားနိုင်ကြသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

မကွေးတိုင်း မင်းဘူးခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် မေ ၁၆

မကွေးတိုင်း မင်းဘူးခရိုင်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများ၌ သောက်သုံးရေလုံလောက်စေရေးအတွက် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ မင်းဘူးမြို့နယ် အမှတ်(၂) ရပ်ကွက်၊ ပွင့်ဖြူမြို့နယ် ဆင်လူးကျေးရွာ (အနောက်)၊ ဆင်လူးကျေးရွာ (အရှေ့)၊ ချောင်းဆုံ (မြောက်)ကျေးရွာ၊ လက်ယက်ကျေးရွာ၊ စလင်းမြို့နယ် မကျီးဖျားကျေးရွာအုပ်စု မြင်ကင်းသာရွာ၊ ငဖဲမြို့နယ် မင်းလွင်ကျေးရွာ၊ အိုးမြေခုံကျေးရွာ၊ ဝင်္ဂဘာကျေးရွာ၊ ကျောင်းကုန်းကျေးရွာ စုစုပေါင်း ရပ်ကွက်၊ ကျေးရွာ ၁၁ခုအတွက် သောက်သုံးရေဂါလန် ၅၉၆၀၀ ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များစုပေါင်း၍ သွားရောက်ဖြန့်ဝေပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောက်မြို့နယ် ဘုန်းဘွဲ့ကျေးရွာတွင် သောက်သုံးရေပေးဝေမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြီးကြပ်စဉ်။ (နယ်စပ်/စည်ပင်)

စိမ့်စမ်းရေသွယ်ယူ

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် လွိုးကထိကျေးရွာ သောက်သုံးရေပိုမိုရရှိရေးအတွက် ရေထွက်အသစ်အား စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်း ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကွန်ပျူတာပညာရှင်အသင်း စာမေးပွဲများ ကျင်းပမည်

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြုစာမေးပွဲများကို လာမည့် ဇွန်၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် အသင်းခွဲများရှိရာ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် တစ်ပြိုင်နက်ကျင်းပမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုလိုသူများသည် မေ ၂၄ ရက်မှစ၍ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ဇွန် ၁၆ ရက် နောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အောက်ပိုင်းဒေသများ၌ ထစ်ချုန်းမိုးရွာဖွယ်ရှိ

နေပြည်တော် မေ ၁၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ် အထိ၊ ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့သည်။မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၀ ဒသမ ၇၄ လက်မ၊ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၅၅ လက်မနှင့် ကော့သောင်းမြို့တွင် ၀ ဒသမ ၃၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၇ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း (အထက်ပိုင်း)၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၅-၂၀၁၀
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၃၀ ၈။ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (အိမ်တွင်းစီးပွား၊ စီးပွားရေးပညာအထူးပြုများ) (စီးပွားရေးပညာ)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၆။ **နားဝင်ပီယံ သူ့လက်သံ**
- ၅:၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၀ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၀)
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၁၅)
- ၁၇။ သုခမရှင်ပြင်
- ၁၈။ အစီအစဉ်ပြီး၏။

ထူးခြားသည့် နေ့အပူချိန်များ

၁၆-၅-၂၀၁၀

ချောက်မြို့	၄၅ ဒသမ	၉ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၅ ဒသမ	၅ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၅ ဒသမ	၅ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၅ ဒသမ	၅ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၅ ဒသမ	၂ ဒီဂရီစင်တီဂရိတ်
ပခုက္ကူမြို့	၄၅ ဒသမ	၁ ဒီဂရီစင်တီဂရိတ်
ကလေးမြို့	၄၅	ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၄ ဒသမ	၆ ဒီဂရီစင်တီဂရိတ်

ဧပြီလအတွင်း မူးယစ်ဆေးဝါးအမှု ၂၄၁မှု တရားခံ ၃၇၄ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် မေ ၁၆

၂၀၁၀ ခုနှစ် ဧပြီလအတွင်း တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးအမှုပေါင်း ၂၄၁မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း၄၄မှု(အလေးချိန် ၁၁၀ ဒသမ ၅၇၉၂ ကီလို)၊ ဘိန်းဖြူ ၈၀မှု (အလေးချိန် ၁ဒသမ၇၈၈၂ ကီလို)၊ ဘိန်းဆီခဲ ၁၁ မှု (အလေးချိန် ၂ဒသမ ၁၀၁၅ ကီလို)၊ အဆင့်နိမ့်ဘိန်း ၉မှု (အလေးချိန် ၆ဒသမ၉၁၃၇ ကီလို)၊ ဆေးခြောက် ၁၅မှု (အလေးချိန် ၉ ဒသမ ၇၃၈၈ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၁မှု (၃၆၅၂၂)ပြား၊ဘိန်းစာမှုန့်၇မှု(၂၀ဒသမ၇၇၂၄)၊ဘိန်းရည် ၁မှု (အလေးချိန် ၀ ဒသမ ၁၅ လစ်တာ)၊ ဓာတုဆေးရည် ၁မှု (အလေးချိန် ၁၂၃၆ လစ်တာ)၊ အိုက်(စ်)၃မှု (အလေးချိန် ၁၃၄ ဒသမ ၀၀၃၆ ကီလို)၊ အယ်ပရာဇိုလမ် ၁မှု (၁၇)ပြား၊မှတ်ပုံတင်ပျက် ၁မှု၊ အခြားအမှု ၇ မှု ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အမှုပေါင်း၂၄၁ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၁၅ဦးနှင့် တရားခံမ ၅၉ဦး စုစုပေါင်း ၃၇၄ဦးတို့ကို ဥပဒေအရဖမ်းဆီးအရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလှ မြန်မာ့သဘာဝ

တစ်နှစ်တာ ကုန်ဆုံးပြီး နှစ်အသစ် တစ်နှစ်အစဝယ် လူတိုင်းသည် လာမည့်ကာလအတွက် လုပ်ငန်းစဉ်အသစ်များ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက် အသစ်များချမှတ်နိုင်ရန် အဟောင်းကို အခြေခံပြီး ပြုပြင်ပြောင်းလဲ ဖြည့်စွက်မှုများ ပြုလုပ်ကြရပါမည်။ ထိုသို့ အသစ်ဆီ ဦးတည်ပြောင်းလဲကြရာတွင် လူ့လောက လူ့သဘာဝများ၊ ဓလေ့စရိုက်များ၊ အမူအကျင့်များ၊ ရိုးရာထုံးတမ်းစဉ်လာများ၊ ဘာသာ၊ သာသနာ အတွေးအခေါ် အယူအဆများကိုပါ ဆက်စပ်စဉ်းစားဆောင်ရွက်ကြရပါမည်။ ထိုအခါ လူတစ်ဦးချင်း တစ်ယောက်ချင်းစီမှသည် လူတစ်စုတစ်ဖွဲ့၊ တစ်ရပ်တစ်ရွာ၊ တစ်မြို့တစ်နယ်၊ ထိုမှတစ်ပြည်ထောင် တစ်နိုင်ငံအထိ ဆက်စပ်ပါဝင်လာကြစမြဲပင် ဖြစ်ပါသည်။

တစ်ဦးစီမှ အခြေခံလာသောကြောင့် လူတစ်ဦးချင်းအဆင့်၌ပင် အခြေခံကောင်းရန် လိုအပ်ပါသည်။ ကျောင်းသူကျောင်းသားဘဝကတည်းက "မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"ဟူသော ကျောင်းကောင်စီ အခြေခံရည်မှန်းချက်များနှင့် ကျွမ်းဝင်ပြီး ဖြစ်ပါသည်။ မိဘ၊ ဆရာသမားများက ကောင်းသော ရည်မှန်းချက်နှင့် ကောင်းသောအလေ့အကျင့်များကို လက်ဆင့်ကမ်းပျိုးထောင်ပေးခဲ့ကြပြီးဖြစ်သည်ကို မမေ့အပ်ပါ။

မှတ်မိပါသေးသည်။ ကျောင်းသို့ရောက်သည်နှင့် စာသင်ခန်းသန့်ရှင်းရေး လုပ်ကြရသည်။ သင်ပုန်းဖျက်ပြီး ဆရာ့စားပွဲ သပ်ရပ်အောင် ပြင်ကြရသည်။ ဆရာ့စာအုပ်နှင့် ပစ္စည်းများ အစီအရီတင်ပေးရသည်။ ပန်းအလှတစ်အိုးနှင့် တင့်တယ်ပသာဒရှိအောင် ဦးစွာ ပြုလုပ်ကြရသည်။ သောက်ရေဖြည့်ခြင်း၊ စာသင်ခုံများ စီခြင်း၊ တံမြက်စည်းလှဲခြင်း၊ ဖိနပ်များ စီခြင်း၊ ဆရာကို ကြိုဆိုခြင်း စသဖြင့် နေ့စဉ်တာဝန်များ ခွဲဝေကာ မပျက်မကွက် လုပ်ကိုင်ကြရပါသည်။ ထိုအခြေခံအကျဆုံး လုပ်ငန်းငယ်လေးများ၌ပင် စိတ်စေတနာပါပါနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ကိုင်တတ်စေရန် သင်ယူလေ့ကျင့်ခဲ့ရပါသည်။ "စေတနာမှန်သော ကံတရား"ကို ယုံကြည်ခံယူတတ်အောင်လည်း အတွေ့အကြုံနှင့်ယှဉ်၍ ဆည်းပူးမှတ်သား နာယူခဲ့ကြရပါသည်။

ကျောင်းနှင့် အိမ်အကြား ကူးလူးကျက်စားနေရသော ကျောင်းသားဘဝကို လေ့လာဆန်းစစ်ကြည့်ပါလျှင် မိမိသာ အဓိကဖြစ်ကြောင်း တွေ့ရပါမည်။ အတန်းပညာ အောင်မြင်တိုးတက်လာသည်နှင့်အမျှ မိမိ၏ အတွေးအခေါ်၊ အလေ့အကျင့်၊ အပြုအမူများ တစ်ဆင့်ချင်း တိုးတက်ပြောင်းလဲလာခဲ့သည်ကို တွေ့နိုင်ပါသည်။ အခြေခံပညာအထက်တန်းအဆင့်လောက် ရောက်ပြီဆိုလျှင်မူ မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်နိုင်ပြီဖြစ်ပါသည်။ ထိုသို့ ရင့်ကျက်တိုးတက်လာစေရန်အတွက် ကျောင်းစာပေများတွင် အသိပညာ၊ ဗဟုသုတ၊ အဆီအနှစ်များ များစွာပါဝင်ကြောင်း တွေ့နိုင်ပါသည်။ ဆရာကြီး ဦးသန်းဦး မှာခဲ့သလို စာအုပ်အနှောင့်လေးကုန်အောင် ဆုံးခန်းတိုင် ဖတ်ကြည့်ဖို့တော့ လိုပါသည်။ သင်ခန်းစာတိုင်းတွင် အတွေးအခေါ်၊ အသိပညာများ ရယူ၍ မကုန်ခန်းနိုင်လောက်အောင် ပါဝင်နေသည်မှာ ထင်ရှားပါသည်။

ထို့ကြောင့် လူတိုင်း အခြေခံပညာ တတ်မြောက်သင့်ပါသည်။ အခြေခံပညာအဆင့် လွန်မြောက်ပါက တက္ကသိုလ်ပညာကူးနိုင်ပြီး ဘဝလမ်းအတွက် အခွင့်အလမ်းများ တိုးတက်ရရှိလာနိုင်မည်ဖြစ်ပါသည်။ ဘဝအတွက် ရွေးချယ်ရန် လမ်းများကိုလည်း တွေ့မြင်လာနိုင်မည်ဖြစ်ပါသည်။

ထို့အတူ ဗုဒ္ဓဘာသာအခြေခံကိုလည်း နားလည်သင့်ပါသည်။ ထိုအထဲမှ ကိုယ်ကျင့်တရားများ၊ ဝတ္တရားများ၊ လူအဖြစ် ခံယူကျင့်သုံးသင့်သော အချက်များကို လေ့လာရယူနိုင်ပါသည်။

အလွယ်ဆုံး "ဩကာသ"ထဲမှာပင် မှတ်သားလေ့လာစရာ များစွာ ပါဝင်နေပါသည်။ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ် ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့ကို ခွဲခြားသိနေပါလျှင် မကောင်းမှုကို ပြုမိတော့မည် မဟုတ်ပါ။ ထို့ထက် ပိုပြီး "သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ" ထဲတွင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးနှင့် စပ်ယှဉ်ပြီး ထိန်းသိမ်း လိုက်နာဆောင်ရွက်တတ်စေရန် ပတ်သက်မှုများ ဆုံးမထားပြီးဖြစ်သည်ကို တွေ့နိုင်ပါသည်။

မိပြည်ချစ်

"အာမက်နှင့်တောင်" ဥပမာလိုပင် တောင်က အာမက်ဆီ မလာနိုင်ပါက အာမက်က တောင်ဆီရောက်အောင် သွားရမည်သာ ဖြစ်ပါသည်။

"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" အစား၊ "ကျွန်ုပ်ကောင်းမည်၊ သင်မဆိုးပါနှင့်" ဟူ၍ ပြင်ဆင်လက်ခံ ကျင့်သုံးကြရပါမည်။

"သဒ္ဓါ၊ ပညာ၊ သမ္မာ၊ ဝီရိ ညီအောင် ညှိ၊ ညီ ဘိသောခါ၊ အကျိုးထင်ရာ"ဆိုသကဲ့သို့ ပညာမပါဘဲ သဒ္ဓါချည်းဖြစ်၍ မရပါ။ သတိနှင့် ချိန်ညှိဆက်စပ်ကာ မျှတတွေးဆ လုပ်ကိုင်တတ်မှသာ အရာရာ အကျိုးထင်နိုင်ပါလိမ့်မည်။ ဘဝတိုးတက်ရေးအတွက် မိမိကိုယ်ပိုင်ဉာဏ် အသိသတိဖြင့်သာ ပိုင်းခြားဝေဖန် စိစစ်ဆုံးဖြတ် လုပ်ကိုင်ကြရမည်ဖြစ်ပါသည်။

ကိုယ့်ဘဝ အခြေမြင့်လိုပါက အရာရာဝယ် ပေါ့ပေါ့နေ၊ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့ လုပ်ကိုင်၍ မရနိုင်ပါ။ အသက်အရွယ်အရ ဆန်းစစ်ဖွယ်ရာ၊ လေ့လာမှတ်သားဖွယ်ရာ၊ အတုယူကျင့်သုံးဖွယ်ရာ များစွာရှိနေပါသည်။ ထိုသို့သော များစွာထဲမှ ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ်ရွေးထုတ်လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ကိုယ်က -

- စကားကို နည်းနည်းနှင့် ပိုင်ပိုင်နိုင်နိုင် ပြောတတ်ရန်၊
- ချစ်နှစ်သက်ဖွယ်ရာကို ပြောတတ်ရန်၊
- ငြူစူ စောင်းမြောင်း ခက်ထန်တတ်သော အကျင့်ဆိုး ဖျောက်ဖျက်ပစ်ရန်၊
- သူများ မကောင်းကြောင်း၊ ကိုယ်ကောင်းကြောင်း ပြောလိုသော အလေ့အထဆိုးကို ဖျောက်ရန်၊
- ကောင်းကြောင်း၊ ကောင်းကျိုးကိုသာ ရည်ရွယ်ပြောလေ့ရှိရန်၊
- အသိပညာ အရည်အချင်းကောင်းများပြည့်စုံအောင် ကြိုးစားလေ့လာ သင်ယူလေ့ကျင့်ရန်

စသဖြင့် နှုတ်၊ ကိုယ်၊ နှလုံးအမူအကျင့်တို့ကို ပြုပြင်ကြိုးစား လေ့လာကျင့်သုံးရန် လိုအပ်ပါသည်။

မြန်မာတို့တွင် ခွင့်လွှတ်ခြင်း၊ နားလည်ခြင်း၊ သဘောထားကြီးခြင်း၊ မေတ္တာထားခြင်း၊ သနားကြင်နာတတ်ခြင်းဟူသော အလှတရားများ ထွန်းကားပြီးဖြစ်ပါသည်။ ထို့အပြင် တစ်မူးရလို့ တစ်ပဲလှူမှုများ၊ နည်းများမဟူ ပါဝင်ကူညီမှုဖြင့် "နာဂစ်" မုန်တိုင်းသင့်ဒေသများကို အောင်မြင်စွာပြန်လည်ထူထောင်တည်ဆောက်နိုင်မှုဟူသော အံ့မခန်းဖွယ်ဖြစ်ရပ်များ၊ ဘုရား၊ ကျောင်း၊ ကန် သာသနိကအဆောက်အအုံကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ခြိမ့်ခြိမ့်သဲ အလှူပွဲကြီးများစွာကို တွေ့မြင်ကြပြီးဖြစ်ပါသည်။ ကျန်းမာရေး ကူညီစောင့်ရှောက်မှု၊ နာရေးကူညီစောင့်ရှောက်မှု၊ မျက်စိခွဲစိတ်အလှူများ၊ ရေတွင်း ရေကန် အလှူများ၊ စာသင်ကျောင်းအလှူများ၊ ပညာရေးအလှူများ စသည် စသည် များစွာသော အလှူများကို တစ်ဦးတစ်ယောက်အားမှသည် အများစုပေါင်းအားအဖြစ် ပြောင်းလဲနိုင်ခဲ့ကြသည်မှာ ဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။

"မြက်တစ်ပင်စီသည် အားမရှိသော်လည်း ထိုမြက်များ စုစည်းလျက် ကျစ်ထားသော ကြိုးသည် ဆင်ကိုပင် ချည်နိုင်သည်"ဟူသော စကားကဲ့သို့ မိမိတို့ တစ်ဦးချင်းစီ၏ စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စရိုက်ကောင်းများ၊ တာဝန်သိတတ်မှုများ ပေါင်းစည်းလျက် အားကြီးသော အောင်မြင်မှုများ ဖြစ်လာအောင် ကြိုးပမ်းကြရမည်။ ထိုထိုသောအောင်မြင်မှုများသည် စာသင်ခန်း၊ ကျောင်း၊ လုပ်ငန်းခွင်နှင့် မြို့ရွာ စသည် အဆင့်ဆင့်ဖြတ်သန်းပြီး နိုင်ငံတော်အဆင့်အထိ အကျိုးဝင်သော မဟာ့မဟာ အောင်မြင်မှုများဖြစ်ထွန်းလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

သဘာဝအလှများသည် တိုင်းနှင့် ပြည်နယ်၊ မြို့ရွာတစ်ခုချင်းစီအလိုက် မူလကတည်းက ပိုင်ဆိုင်ပြီး၊ ရှိနှင့်ပြီးဖြစ်ပါသည်။ သဘာဝကပေးသော အခွင့်အရေးများဖြစ်သည့် တော၊ တောင်၊ ရေ၊ မြေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတံခွန်၊ ကျောက်ဆောင်၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်စိမ်း၊ ရေနံ၊ ကျောက်မီးသွေး စသော သယံဇာတများ၊ ချစ်ဖွယ်ဓလေ့စရိုက် ယဉ်ကျေးမှုအမွေအနှစ်များ ပြည့်စုံကြွယ်ဝရာ အမိမြန်မာနိုင်ငံကို မိမိတို့ တိုင်းရင်းသားညီနောင်များကပင် စုပေါင်းထိန်းသိမ်း တည်ဆောက်ပြုပြင်လျက် တိုးတက်အောင်မြင်ရေးသို့ ရှေးရှုရမည်ဖြစ်ပါသည်။ သမိုင်းကြောင်းကောင်းခဲ့သော၊ နှစ်ပေါင်းများစွာ အရှည်တည်တံ့ပြီးဖြစ်သော ချစ်စရာ အမိမြန်မာပြည်အတွက် မိမိတို့ တစ်ဦးချင်းစီ၊ တစ်ယောက်တစ်လက်စီ ပါဝင်လက်တွဲ ကြိုးပမ်းနိုင်ကြမည်ဆိုပါက မြန်မာ့သမိုင်းသည် အစဉ်ထာဝရ ထွန်းတောက်နေမည်သာ ဖြစ်သည်ကို အကြွင်းမဲ့ လက်ခံယုံကြည်ကြစေလိုပါသည်။

စင်စစ် မိမိတို့နိုင်ငံသည် သဘာဝတောတောင် ရေမြေ အလှများအပြင် တရားဓမ္မများ၊ စိတ်အလှစေတနာ သဒ္ဓါတရားများ ထွန်းကားရာ အလွန်မြတ်နိုး နေချင့်စဖွယ်ရာ ပြည်မြန်မာဖြစ်ပါသည်။ တစ်ဖက်ကလည်း ထိုထိုသော မြန်မာ့အလှ၊ မြန်မာ့သဘာဝများကို ပျက်အောင်ဖျက်ဆီးနိုင်သူများမှာ ဤနိုင်ငံသားများသာ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကိုယ့်အရိပ် ကိုယ့်အခက်ကို မချိုးမိစေရန်၊ မိမိတို့ပြည်သူတစ်ရပ်လုံး လိုလားမျှော်မှန်းထားသော ဒီမိုကရေစီနိုင်ငံအဖြစ် ရောက်ရှိစေရန်၊ မိမိတို့ မြန်မာနိုင်ငံသားအားလုံးတွင် ကိုယ်စီတာဝန်ရှိကြသည်ကို သတိမူကြရပါမည်။

မြန်မာလူမျိုးတိုင်းသည် ချစ်စရာမြန်မာပြည်၊ မြတ်နိုးဖွယ်ရာ မြန်မာပြည်၊ မိသားစု သိုင်းဝိုင်းစွာ နေတတ်သောဓလေ့ရှိသည့် မြန်မာပြည်၊ တစ်နှစ်ပတ်လုံး ရာသီပွဲတော်များဖြင့် မြူးထူးပျော်ရွှင်စွာ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် နေလေ့ရှိသော မြန်မာပြည်၊ သာသနာရောင်ဝါ၊ ထွန်းလင်းနေသော မြန်မာပြည်၊ နောင်ဘဝအတွက် မျှော်တွေးကာ ပြုပြင်ဆင်ခြင်နေနိုင်ခွင့်ရှိသော မြန်မာပြည်၊ ကြင်နာမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စာနာထောက်ထားမှု၊ စုပေါင်းပါဝင်လုပ်ဆောင်မှု အလေ့အကျင့်ကောင်းများ ထွန်းကားသော မြန်မာပြည် စသော ကောင်းခြင်းဝိသေသများနှင့် ပြည့်စုံလှသည့် အမိမြန်မာပြည်ကို ချစ်ခင်မြတ်နိုးကြရမည်သာဖြစ်ပါသည်။ ပြည်တွင်း၌ နေထိုင်သည်ဖြစ်စေ၊ ပြည်ပ၌ ရောက်ရှိနေသည်ဖြစ်စေ အမိမြန်မာပြည်ကို အလှဝေဖြာ တင့်တယ်ဂုဏ်ယူလိုစိတ်ဖြင့် ဝိုင်းဝန်းမြှင့်တင် ချီးမြှောက်ကြရမည်သာ ဖြစ်ပါသည်။

မြန်မာလူမျိုး၊ မြန်မာပြည်သား၊ မြန်မာအများ စုဝေးနေထိုင်ရာ၊ မြန်မာတိုင်းရင်းသား ညီအစ်ကို ညီအစ်မတစ်စု ချမ်းမြေ့စွာ နေထိုင်ရာအဖြစ် ကောင်းသထက်ကောင်း၊ လှသထက်လှ၊ သာယာချမ်းမြေ့သည်ထက် သာယာချမ်းမြေ့အောင် နိဗ္ဗာန်ဘုံကလေးအဖြစ် ဝိုင်းဝန်းတည်ဆောက် ဖော်ဆောင်ကြရပါမည်။ မြန်မာတစ်ဦးချင်းစီ၏ အတွေးအခေါ်၊ အကျင့်စရိုက်၊ ပညာအဆင့်အတန်း၊ နည်းပညာစည်းစနစ်များ၊ အမြင်ကောင်းများ၊ စေတနာကောင်းများ၊ တစ်ယောက်တစ်လက်အားများဖြင့် အမိနိုင်ငံကို ပုံဖော်ထုဆစ် တည်ဆောက်နိုင်သည်ကို မမေ့အပ်ပါ။

ချုပ်၍ဆိုရသော် မြန်မာတိုင်း မြန်မာတိုင်း ရေခံမြေခံကောင်း၊ သဘာဝအလှတရားကောင်းများဖြင့် ပြည့်စုံတည်ရှိပြီးသော မြန်မာ့အလှကို မြတ်နိုးချစ်ခင်နိုင်ကြပါစေ၊ အလှတရားများကိုမြင်ပြီး လက်တွဲချစ်ကြည် နေနိုင်ကြပါစေ၊ မြန်မာ့အလှကို ကာကွယ်စောင့်ရှောက် လက်ဆင့်ကမ်း အမွေအဖြစ် ပေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

ကိုယ့်ဘဝ အခြေမြင့်လိုပါက အရာရာဝယ် ပေါ့ပေါ့နေ၊ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့လုပ်ကိုင်၍ မရနိုင်။ အသက်အရွယ်အရ ဆန်းစစ်ဖွယ်ရာ၊ လေ့လာမှတ်သားဖွယ်ရာ၊ အတုယူကျင့်သုံးဖွယ်ရာ များစွာရှိနေ။ ထိုသို့သော များစွာထဲမှ ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ် ရွေးထုတ်လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန် လိုအပ်။

၂၀၀၉ ခုနှစ် LCCI (UK) စာမေးပွဲတွင် ကမ္ဘာနှင့်မြန်မာ၌ ရွှေနှင့်ငွေတံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၁၆

ဦးနေလင်းအောင် စာရင်းကိုင် သင်တန်းကျောင်း၏ ၂၀၀၉ ခုနှစ် LCCI (UK) စာရင်းကိုင်ဒီပလိုမာ စာမေးပွဲများတွင် ကမ္ဘာနှင့်မြန်မာ၌ ရွှေနှင့်ငွေရရှိသူများ၊ LCCI (UK) ၏ ပညာသင်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို မေ၈ရက် (စနေနေ့)က ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပသည်။

ပညာသင်ဆု

အဆိုပါ အခမ်းအနားတွင် သင်တန်းကျောင်းမှ သင်ကြားသော ဘာသာရပ်အားလုံးဖြစ်သည့် Book-keeping & Accounts၊ Accounting (IAS)၊ Cost Accounting၊ Management Accounting တို့တွင် ကမ္ဘာနှင့် မြန်မာ၌ ရွှေနှင့် ငွေတံဆိပ်ဆုရှင်များနှင့် LCCI (UK) ၏ ပညာသင်ဆုရရှိသူများကို ဆုများ ချီးမြှင့်သည်။

မွေးထုတ်ပေးနိုင်

ယင်းစာရင်းကိုင်သင်တန်းကျောင်းသည် ၂၀၀၉ ခုနှစ်တွင် LCCI (UK) ၏ မြန်မာ တစ်နိုင်ငံလုံးတွင် ကျောင်းသားအများဆုံး ဖြေဆိုသော စာရင်းကိုင် သင်တန်းကျောင်းဖြစ်သည်။ ထို့ပြင် ၂၀၀၉ ခုနှစ် LCCI ၏ စာမေးပွဲများတွင် မြန်မာတစ်နိုင်ငံလုံး Group Diploma ရရှိသူ ၉၁၄ဦးတွင် ၄၆၇ဦးတိတိကို မွေးထုတ်ပေးနိုင်ခဲ့သော စာရင်းကိုင် သင်တန်းကျောင်းတစ်ခုဖြစ်သည်။

ထိုစာရင်းကိုင်သင်တန်းကျောင်းတွင် LCCI Level 1-2၊ Level-3 ဒီပလိုမာသင်တန်းများ၊ MYOB ကွန်ပျူတာစာရင်းကိုင်သင်တန်းများ၊ CAT၊ ACCA နှင့် CPA အထောက်အကူပြု သင်တန်းများ၊ စာရင်းကိုင်အဖြစ် လုပ်ငန်းခွင်ဝင်မည့်သူများ စာရင်းကိုင် လက်တွေ့လုပ်ငန်းခွင်ဝင် သင်တန်းများကို ပို့ချသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ဆက်သွယ်စုံစမ်းနိုင်

ဦးနေလင်းအောင် စာရင်းကိုင်သင်တန်းကျောင်းတွင် တက်ရောက်လိုသူများသည် အမှတ် ၁၈ (4B/6B)၊ သပြေညို (၂)တိုက် ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉-၅၁၇၀၁၀၅၊ ၀၉-၅၀၉၀၆၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ ရေလုံလောက်စွာရရှိရေးအတွက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော အုတ်ကျင်းရပ်ကွက် လေးလက်မ စက်ရေတွင်းမှ ရပ်ကွက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရယူသုံးစွဲနေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်မှ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသိန်းထိုက်ဦးက ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

ကျောက်ဆည်စည်ပင်သာယာ အေးမြကြည်လင်ဈေး၌ အိုင်အိုဒင်းဆား ရောင်းချမှုစစ်ဆေး

ကျောက်ဆည် မေ ၁၆

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင် ဈေးအတွင်း ရောင်းချနေသော ဆားများတွင် အိုင်အိုဒင်း ပါဝင်မှု ရှိ မရှိနှင့် ဆိုးဆေးများပါဝင်သော လက်ဖက်စိုများ ရောင်းချမှု ရှိ မရှိကို မေ ၁ရက်က ကျန်းမာရေးမှူး(၂) ဦးဇော်နိုင်၊ ဒုတိယဦးစီးမှူး (ဈေး)၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး(၁) ဦးတင်ဝင်း ဦးဆောင်သော P.S.N လက်တွေ့သင်တန်းဆင်း ဆေးကျောင်းသားများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

ပြင်သစ်အသင်းနှင့်အတူ ဂါးလက်စ် ကမ္ဘာ့ဖလားပွဲဝင်နွှဲမည်

အာဆင်နယ်မှ ပြင်သစ်ခံစစ်မှူး ဝီလျံဂါးလက်စ်က ၎င်း၏ ခြေသလုံးကြွက်သား ဒဏ်ရာမှာ အချိန်မီကောင်းလာပြီဖြစ်သဖြင့် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်နိုင်မည်ဟု ပြောကြားသည်။

ဂိုးသမား ဘတ်ဖွန်း ပရီမီယာလိဂ်သို့ ပြောင်းရွှေ့မည်ဟု ဖွင့်ဟ

ဂျူဗင်းတပ်စ်ဂိုးသမား ဂီယန်လွီဂီဘတ်ဖွန်းက မည်သည့်အင်္ဂလန်အသင်းတွင် ကစားမည်ဟုမပြောကြားဘဲ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားမည်ဟု ဖွင့်ဟခဲ့သည်။

အန်ဖီးလ်၌အနာဂတ် တောရက်စ် စဉ်းစားနေ

လီဗာပူးအသင်းမှ စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်သည် အန်ဖီးလ်တွင် ၎င်း၏ အနာဂတ်ကိုစဉ်းစားဆုံးဖြတ်နေကြောင်း၊ ၎င်းအား ဘာစီလိုနာ၊ မန်စီးတီးနှင့် ချယ်လ်ဆီးတို့က စာချုပ်ခေါ်ယူလိုကြောင်း ဖော်ပြသည်။

ဒီမာရီယာအား ကမ်းလှမ်းခေါ်ယူရန် မန်စီးတီး စီစဉ်

မန်စီးတီးအသင်းသည် ပေါ်တူဂီအသင်းဘင်ဖီကာတောင်ပံကစားသမား အိန်ဂျယ်ဒီမာရီယာအား ခေါ်ယူရေးအတွက် ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ပေး ကမ်းလှမ်းရန် စီစဉ်နေကြောင်း၊ မန်ယူ၊ လီဗာပူးနှင့် ချယ်လ်ဆီးတို့ကလည်း ယင်းအသင်းနှင့်အတူ အပြိုင်ကြိုးပမ်းနေကြသည်။

ဂျိုကိုးလ်အား ခေါ်ယူရန် လီဗာပူးကြိုးပမ်း

လီဗာပူးအသင်းသည် ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဂျိုကိုးလ်အားခေါ်ယူရန် ကြိုးပမ်းနေသည်။

ဟာဂူဆန်၏ပစ်မှတ် ရီရဲမှဟီဂွါအင် ဖြစ်လာဖွယ်

စပိန်အသင်း ရီရဲမက်ဒရစ်မှ အာဂျင်တီးနားတိုက်စစ်မှူး ဂွန်ဇာလိုဟီဂွါအင်သည် ဖာဂူဆန်၏ နွေရာသီပစ်မှတ်ဖြစ်လာဖွယ်ရှိကြောင်း ဖော်ပြသည်။

တိုက်စစ်မှူး ဝစ်ခ်ဟမ်အား ခေါ်ယူရန် စပါးပြင်ဆင်

စပါးအသင်းသည် အစ်ဆွစ်ချ်အသင်းမှ အသက် ၁၇နှစ်အရွယ်ရှိ ဆယ်ကျော်သက် တိုက်စစ်မှူး ကွန်နော်ဝစ်ခ်ဟမ်အား ပေါင်ခြောက်သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေသည်။

တိုက်စစ်မှူး ရော်ဘင်ဟို ဆန်းတို့စ်၌သာ ဆက်ရှိနေမည်

မန်စီးတီးအသင်းမှ ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုက ၎င်းအနေဖြင့် လက်ရှိ အငှားစာချုပ်ဖြင့် သွားကစားနေသည့် ဆန်းတို့စ်၌သာ ဆက်ကစားမည်ဟု ဆိုသည်။

ကလဲဗားလီးနှင့်ဒဗလျူဘီအိုချန်ပီယံ ဘရိချ်မာ ယှဉ်ပြိုင်ထိုးသတ်မည်

အသက် ၂၃ နှစ်ရှိ ဥရောပလိုက်ဟဲဗီးဝိတ်ချန်ပီယံ နသန်ကလဲဗားလီးသည် ဒဗလျူဘီအိုလက်ဝှေ့ သရဖူကိုရယူနိုင်ရန်အတွက် လက်ရှိချန်ပီယံ ဂျာဂင်ဘရိချ်မာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဟုဆိုသည်။

ကမ္ဘာ့လက်ဝှေ့သရဖူပြိုင်ပွဲ တက်လှမ်းနိုင်ရန် ကလော့စကီမျှော်မှန်း

လက်ဝှေ့ကျော် ပေါလ်မက်ကလော့စကီသည် လာမည့်လတွင် ယှဉ်ပြိုင် ထိုးသတ်မည့်ပွဲစဉ်၌ ၎င်း၏ လိုက်ဝယ်လ်တာဝိတ်သရဖူကို အောင်မြင်စွာ ကာကွယ်နိုင်ပြီး ကမ္ဘာ့လက်ဝှေ့သရဖူပြိုင်ပွဲသို့ တက်လှမ်းနိုင်ရန် မျှော်မှန်းထားသည်။

ဖက်ဒဲယာနှင့် နာဒယ်လ် မက်ဒရစ်အိုးပင်းတင်းနစ်ဆုဖလား လုမည်

ကမ္ဘာ့အဆင့်(၁) တင်းနစ်သမား ရော်ဂျာဖက်ဒဲယာသည် မက်ဒရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းသား ပြိုင်ဘက် ဒေးဗစ်ဖာရာ အား ၇-၅-၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရပြီး အခြားအကြိုဗိုလ်လုပွဲတွင် စပိန်နိုင်ငံသား တင်းနစ်သမား နီကိုလပ်စ်အယ်လ်မာဂရိုအား ၄-၆၊ ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့သူ ကမ္ဘာ့အဆင့်(၂) တင်းနစ်သမား ရာဖေးလ်နာဒယ်နှင့် ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ကြ ရမည်ဖြစ်သည်။

ဗီးနပ်စ်နှင့်ရိုဒိုင် မက်ဒရစ်အိုးပင်းဆုဖလားလုမည်

မက်ဒရစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် (၄) တင်းနစ်မယ် ဗီးနပ်စ်ဝီလျံသည် ပြိုင်ဘက်အစ္စရေးတင်းနစ်မယ် ရှာဟာဗီးယား အား ၆-၃၊ ၆-၀ ဖြင့် အနိုင်ရရှိကာ အခြားအကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက် တင်းနစ်မယ် လူစီဆာဖာရိုဗာက ပွဲတစ်ပွဲသာယှဉ်ပြိုင်နိုင်ပြီး ဒဏ်ရာရရှိကာ ထွက်သွားရသဖြင့် ၆-၁ဖြင့် အနိုင်ရရှိသူ ပြင်သစ်တင်းနစ်မယ် အေရာဗာနီရိုဒိုင်နှင့် ဗိုလ်လုပွဲတွင် ဆုံတွေ့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ။

အန်ဆယ်လော့တီနှင့် တစ်နှစ်တာ အကောင်းဆုံးနည်းပြဆု

မောင်မောင်မြင့်ဆွေ ရေးသား၍ လိုင်လိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မေ ၁၆

၂၀၀၉-၂၀၁၀ အင်္ဂလန်ဘောလုံးရာသီ ပြီးဆုံးခဲ့ပြီဖြစ်သည်။ အင်္ဂလန်ဘောလုံးရာသီကုန်ဆုံးတိုင်း နှစ်စဉ်တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆု၊ အကောင်းဆုံးလူငယ် ဘောလုံးသမားဆုနှင့် အကောင်းဆုံးနည်းပြဆုများကို ရွေးချယ်ချီးမြှင့်သည့် အစဉ်အလာရှိခဲ့သည်။ ယခုတစ်နှစ်တာ အကောင်းဆုံးနည်းပြဆုအဖြစ် ချယ်လ်ဆီးနည်းပြ အန်ဆယ် လော့တီ ဆွတ်ခူးရန်သေချာနေပေပြီ။

အားရ

၂၀၀၉ခုနှစ် ဇွန်လတွင် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် အန်ဆယ်လော့တီ။ ချယ်လ်ဆီးအသင်း ဆုဖလားများနှင့်ဝေးကွာနေမှုကို အမြန်ဆုံး အဆုံးသတ်လိုက်သည့် အန်ဆယ်လော့တီ။ အပြောနည်းပြီး အလုပ်များများ လုပ်ပြတတ်သည့် အန်ဆယ်လော့တီကို ချယ်လ်ဆီး ပရိသတ် နှစ်ထောင်းအားရ ဖြစ်ခဲ့လေပြီ။

စွမ်းဆောင်မှု

ကစားသမားကောင်းများပေါသည့် ချယ်လ်ဆီးကို ရောက်စကပင် လူစုံအောင်ထည့်သွင်းကာ တစ်ဦးချင်း စွမ်းရည်၊ တွဲဖက်ကစားနိုင်သည့် အားထုတ်မှုတို့ကို သေသေချာချာလေ့လာကာ ပြိုင်ဘက်အနေအထားပေါ် လိုက်ပြီး ပွဲထွက်ကစားစေခဲ့သည်။ ကျရိပ်သန်းနေသော ဒရော့ဘာနှင့် အနယ်လ်ကာတို့ကို တွဲသုံးပြီး ထက်မြက်သည့် တိုက်စစ်အသွင်ကို ဖြစ်ပေါ်စေခဲ့သည်။ ကွင်းလယ် ကစားကွက်ကိုစီးထားပြီး အခု၊ အခံ၊ အတွန်းအတိုက် ကောင်းသည့် ဒရော့ဘာနှင့် အနယ်လ်ကာတို့အား ပြိုင်ဘက် နောက်တန်းကို မနားတမ်းမွှေနှောက် ထိုးဖောက်ဂိုးသွင်းစေခဲ့သည်။ ပွဲရလဒ်များကောင်းခဲ့ပြီး ရာသီကုန်ချိန်၌ ဖလားများသိမ်းပိုက်နိုင်ခဲ့လေပြီ။

အကောင်းဆုံး

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က တစ်နှစ်တာ အကောင်းဆုံးနည်းပြအဖြစ် အန်ဆယ်လော့တီနှင့် ဖာဂူဆန်တို့ကို ဆန်ခါတင်ရွေးချယ်လိုက်ပြီဖြစ်သည်။ ဖာဂူဆန်ကား ယခုနှစ်၌ မန်ယူအသင်းကို ကာလင်း ဖလားရယူပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်ဖလား ရယူရန် တစ်မှတ်သာကွာခြားခဲ့သည့် အနေအထားဖြင့် ချယ်လ်ဆီး ကို ဖိအားပေးနိုင်ခဲ့သည်။ ပြိုင်ဘက်ကောင်းများနှင့် တွေ့ဆုံတိုင်း အကြိတ်အနယ်နွှဲခဲ့သည်။ သို့သော် ရာသီ ကုန်ချိန်၌ အဆုံးသတ်မကောင်းခဲ့။ ကာလင်းဖလား တစ်လုံးသာပိုက်ပြီး ကန့်လန့်ကာ ချခဲ့ရသည်။

အန်ဆယ်လော့တီ

ချယ်လ်ဆီးရောက်ပြီး သီတင်းတစ်ပတ်အတွင်း ပွဲရလဒ်များကောင်းအောင် စွမ်းဆောင်ခဲ့သည်။ သုံးနှစ်ကြာ ဝေးကွာခဲ့ရသည့် ပရီမီယာလိဂ်ဖလားကို ပြန်ရအောင် ကြိုးစားခဲ့သည်။ ထို့အတူ အက်ဖ်အေဖလား ချန်ပီယံအဖြစ် ဆက်လက်ထိန်းသိမ်း ကာကွယ်နိုင်ခဲ့သည်။ ထို့ကြောင့် ရာသီကုန်ချိန်တွင် ပရီမီယာလိဂ်ဖြတ်သန်းမှု မှတ်တမ်းကိုကြည့်လျှင် ၂၇ ပွဲနိုင်၊ ငါးပွဲ သရေ၊ ခြောက်ပွဲ ရှုံးရလဒ်များဖြင့် ၁၀၃ ဂိုးသွင်းပြီး ၈၆ မှတ်ရရှိခဲ့သည်။

မှတ်တမ်းဝင်

အင်္ဂလိပ်ဘောလုံးသမိုင်း၌ တစ်ရာသီတည်း ပရီမီယာလိဂ်ဖလားနှင့် အက်ဖ်အေဖလား တစ်ပြိုင်နက် တည်းဆွတ်ခူးခဲ့သည့် သတ္တမမြောက်အသင်းအဖြစ် ချယ်လ်ဆီးကို မှတ်တမ်းဝင်စေခဲ့သည်။ အသက် ၅၂ နှစ်ရှိ ပြီဖြစ်သည့် အန်ဆယ်လော့တီသည် အင်္ဂလန် ဘောလုံး လောကကို စတင်ခြေချသည့်နှစ်မှာပင် အဖိုးတန်ဖလား နှစ်လုံးကို ဆွတ်ခူးနိုင်ခဲ့သည်။ ယခုတစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကိုလည်း ရရှိပေတော့မည်။

ဆန္ဒများ

မန်ယူနည်းပြ ဖာဂူဆန်က"**အန်ဆယ်လော့တီဟာ ထူးချွန်တဲ့နည်းပြတစ်ဦးပါ။ တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုနဲ့ ထိုက်တန်ပါတယ်**"ဟု ထောက်ခံပြောကြားကာ သူ့ဆန္ဒကိုဖွင့်ဟခဲ့သည်။ ချယ်လ်ဆီးပိုင်ရှင် အီဘရာ မိုဗစ်က "**သူ့ရဲ့စွမ်းဆောင်မှုတွေက လက်တွေ့ကျတယ်။ အသိအမှတ်လည်းပြုပါတယ်။ ချယ်လ်ဆီးအတွက် ထိုက်တန်တဲ့ နည်းပြတစ်ဦးကို ရရှိခဲ့ပြီ**"ဟု ပြောကြား ခဲ့သည်။

အန်ဆယ်လော့တီကမူ"**ချယ်လ်ဆီး၌ ဆက်ရှိနေဦး မည် ဖြစ်ကြောင်း၊ နောက်နှစ် ရည်မှန်းချက်မှာ ချန်ပီယံလိဂ် ဖလား ဖြစ်ကြောင်း**" ပြောကြားနေရာ ဆက်လက် စောင့်ကြည့်ရမည်ဖြစ်သည်။ ။

ကိုးကား-အင်တာနက်

ဂျာမနီလက်ရွေးစင် အသင်းခေါင်းဆောင် ဘောလက် ခြေချင်းဝတ်ဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရဖွယ်

လန်ဒန် မေ ၁၆

ချယ်လ်ဆီးအသင်းမှ ဂျာမနီ လက်ရွေးစင်ကစားသမား မိုက်ကယ်ဘောလက်သည် ပြီးခဲ့သည့် မေ ၁၅ရက်က ပို့စ်မောက်နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့ ကြောင်း၊ ယင်းဒဏ်ရာကို ဓာတ်မှန်ရိုက်ကာ ဆက်လက်ခွဲစိတ်ကုသရဖွယ်ရှိကြောင်း သိရသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရန် တစ်လ ပင်မလိုတော့သောအချိန်တွင် အသက် ၃၃ နှစ်ရှိ ဂျာမနီလက်ရွေးစင်အသင်း ခေါင်းဆောင်ဘောလက်သည် ယင်းပြိုင်ပွဲ တွင် ပို့စ်မောက်ကစားသမား ကီဗင်ပရင့်စ် ဘိုအာတန်နှင့် ဘောလုံးယှဉ်လုရာမှ ယင်း ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် ကမ္ဘာ့ဖလား ပြိုင်ပွဲ၌ ယင်း၏ ပွဲဦးထွက် ပွဲစဉ်အဖြစ် ဇွန် ၁၃ရက်တွင် ဩစတြေးလျနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

ရွေးချယ်ထား

ဂျာမနီ လက်ရွေးစင်အသင်းအတွက် နိုင်ငံတကာပွဲပေါင်း ၉၈ပွဲ ကစားပေးခဲ့ ရာတွင် ၄၂ဂိုးသွင်းယူပေးထားသူ ဘောလက် အား ပြီးခဲ့သည့် မေ ၇ရက်က ပဏာမ ဂျာမနီလက်ရွေးစင်အသင်းတွင် ရွေးချယ် ထားသည်ဟု ဆိုသည်။ (အင်တာနက်)

ဘွန်ဒက်စ်လီဂါဖလား ဘိုင်ယန်ကိုင်မြှောက်ခွင့်ရ

ဘာလင် မေ ၁၆

ဂျာမန်ဘွန်ဒက်စ်လီဂါအသင်း ဘိုင်ယန် မြူးနစ်သည် မေ ၁၅ရက်က ဘွန်ဒက်စ် လီဂါ နောက်ဆုံးပွဲစဉ်အဖြစ် ဘာလင်မြို့ရှိ ဝါဒါဘရီမင်မင်အိမ်ကွင်းသို့ သွားရောက် ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အား လေးဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဘွန်ဒက်စ်လီဂါ ချန်ပီယံဆုဖလားကို လက်ဝယ်ပိုင်ပိုင် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အနိုင်ရရှိ

ပထမပိုင်းတွင် ဒြေ့သည်ဘိုင်ယန်တို့ အာဂျန်ရော့ဘင်၏ ပယ်နယ်တီဂိုးဖြင့် အိမ်ရှင် ဝါဒါဘရီမင်ကို ဦးဆောင်ကစား နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် အီဗီကာ ဟိုလ်စ်၊ ဖရန့်စ်ရစ်ဘာရီနှင့် ဘက်စတီယန် ရှဝိန်း စတိန်ဂါတို့က တစ်ဂိုးစီအသီးသီး သွင်းယူခဲ့သဖြင့် ပွဲအပြီးတွင် ဘိုင်ယန်တို့ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဆွတ်ခူးနိုင်မှု

ယခု ဘွန်ဒက်စ်လီဂါဆုဖလားသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ၁၅ခု မြောက် ဆုဖလားဖြစ်ပြီး ပြည်တွင်းဖလား နှစ်လုံး တစ်ပြိုင်နက် ဆွတ်ခူးနိုင်မှုမှာ ယခု နှစ် အပါအဝင် ရှစ်ကြိမ်ရှိသွားပြီဖြစ် သည်။

ယှဉ်ပြိုင်ကစား

ဘွန်ဒက်စ်လီဂါချန်ပီယံ ဘိုင်ယန် မြူးနစ်သည် လာမည့် မေ၂၂ရက်တွင် ရီရဲမက်ဒရစ်ကွင်း ဘာနေဗျူး၌ ချန်ပီယံ လိဂ်ဗိုလ်လုပွဲအဖြစ် စီးရီးအေထိပ်သီးအသင်း အင်တာမီလန်နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

ထင်ကျော်ထက် စုစည်းရေးသားသည်

ဘာစီလိုနာမှ မထွက်ခွာဟု မက်ဆီဖွင့်ဟ

ဘာစီလိုနာ မေ ၁၆

စပိန်လာလီဂါအသင်း ဘာစီလိုနာမှ အာဂျင်တီးနားကြယ်ပွင့် လီယွန်နယ် မက်ဆီက ၎င်းအနေဖြင့် ဘာစီလိုနာမှ ရီရဲမက်ဒရစ်သို့ ထွက်ခွာတော့မည်ဆို သော ထင်ကြေးသတင်းများမှာ မဟုတ်မှန် ကြောင်း ငြင်းဆိုလိုက်သည်။

ရီရဲမက်ဒရစ်အသင်းသည် မကြာ သေးမည့်နှစ်များအတွင်းက မက်ဆီအား ရီရဲသို့ ခေါ်ယူရန် ကြိမ်ဖန်များစွာ ဆက်သွယ်ကြိုးစားခဲ့ပြီး မက်ဆီနှင့် ဘာစီလိုနာချုပ်ဆိုထားသည့် လက်ကျန် စာချုပ်သက်တမ်းအတွက် လျော်ကြေး ပေးကာ မက်ဆီအား ခေါ်ယူရန်အထိ ကြိုးပမ်းခဲ့သည်။

ငြင်းပယ်

သို့သော်လည်း အသက် ၂၂နှစ်ရှိ မက်ဆီက ၎င်းအနေဖြင့် လက်ရှိအသင်း ဘာစီလိုနာ၌သာ ဆက်ကစားမည်ဟု အခိုင်အမာပြောကြားခဲ့ပြီး ဘာစီလိုနာမှ ၎င်းရုတ်တရက် ထွက်ခွာမည်ဆိုသော သတင်းများကိုလည်း ငြင်းပယ်ခဲ့သည်။

ရီရဲမက်ဒရစ်သာမက အခြားအသင်း များသို့လည်း ပြောင်းမည်မဟုတ်သည်မှာ အမှန်တရားပင်ဖြစ်ကြောင်း၊ ဘာစီလိုနာ တွင် ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ ဘာစီလိုနာအသင်းတွင် ကြီးပြင်းခဲ့သူဖြစ်၍ ဘာစီလိုနာတွင် နှစ်ပေါင်းများစွာ ဆက် ကစားဦးမည်ဖြစ်ကြောင်း မက်ဆီက ဖွင့်ဟပြောကြားခဲ့သည်။

(အင်တာနက်)

မွေးနေ့ဆုတောင်း

IBTC Group of Companies Chairman & Okkthar United Football Club Chairman ဦးအောင်မိုးကျော်၏ ၁၇-၅-၂၀၁၀ ရက်တွင် ကျရောက်သော (၄၆)နှစ်မြောက် မွေးနေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့မှု၊ အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ—

Okkthar United Football Club

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

Foremost Medical Seminar ကျင်းပ

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း ကလေးကျန်းမာရေးပညာအဖွဲ့၊ သားဖွားမီးယပ်ပညာအဖွဲ့နှင့် TZK Co.,Ltd တို့ပူးပေါင်း၍ Foremost Medical Seminar ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ရှိ Grand Ballroom ၌ ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ Foremost မှ တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကုမ္ပဏီ၏သမိုင်းကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် TZK Co.,Ltd. က မြန်မာနိုင်ငံ ဆရာဝန်အသင်းသို့ ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးကျော်မြင့်နိုင်က လက်ခံပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆွေးနွေး

ယင်းနောက် Nutritional Consultant & Trainer Ms. Gerda က ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အရေးကြီးသော အာဟာရဓာတ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ကလေးအထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးဝင်းမြတ်အေးက How to Make A Smart and Healthy Baby for Life ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဗိုလ်မှူးကြီးဒေါ်အေးအေးက Intra-uterine Growth Restriction ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ဖြေကြား

အဆိုပါ Foremost Medical Seminar တွင် သဘာပတိများအဖြစ် ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဒေါ်ကြူကြူခင်နှင့် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကျော်ညွန့်တို့က ဆောင်ရွက်ကြပြီး တက်ရောက်လာကြသော ဆရာဝန်များ၏ သိလိုသော အကြောင်းအရာများကို ပြန်လည်ဖြေကြားပေးကြကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ၏ တစ်ဦးတည်း ကိုယ်စားလှယ် TZK Co.,Ltd. မှ တင်သွင်းဖြန့်ဖြူး ရောင်းချမည့် Foremost နို့မှုန့်များသည် ကလေးငယ်များ၏ အသက်အပိုင်းအခြားအလိုက် လိုအပ်သော အာဟာရဓာတ်များနှင့်အညီ ထုတ်လုပ်ထားပြီး ကလေးများအတွက် ဦးနှောက်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှု အကောင်းဆုံးနို့မှုန့်များဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်

နေပြည်တော် မေ ၁၆

မေ ၁၆ရက် မွန်းလွဲ ၃နာရီ ၂၇မိနစ် ၄၈စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၂၇၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းတာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဆေး ငွေပဒေသာပင် လှူဒါန်း

မအူပင် မေ ၁၆

ဧရာဝတီတိုင်း မအူပင်မြို့နယ်ရှိ ကရုဏာလူမှုကူညီရေးအသင်း (မအူပင်)သို့ မအူပင်မြို့ မင်းလမ်း သီရိရတနာတည်းခိုခန်းနှင့် သစ်စက်ပိုင်ရှင် ဦးလှဝင်း-ဒေါ်ခင်သန်းရီ၊ သား ကိုဇော်လင်းဦး-မဥမ္မာတို့က သားလေး မောင်စစ်ညီညီဇော်၏ နှစ်နှစ်နှင့် ခြောက်လပြည့် မွေးနေ့အလှူအဖြစ် ဧပြီ ၂၉ ရက်က ဆေးငွေပဒေသာပင် ငွေကျပ် ၁၀သိန်းကို အသင်းရုံး၌ ပေးအပ်လှူဒါန်းရာ ကရုဏာလူမှု ကူညီရေးအသင်းဥက္ကဋ္ဌ ဦးဝင်းစိန်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄)

အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ မီဒီယာများမှ တစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှုမရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အတိအကျ လိုက်နာဆောင်ရွက်သွားကြရန် ထပ်ဆင့်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

တိုင်းရင်းဆေးပညာဖြင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မြန်မာ့တိုင်းရင်းဆေးပညာအလိုအရ ဥတုရာသီအလိုက် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်ကျင့်ကြံနည်း (ဥတုသပ္ပာယ)များကို ဥတုဘောဇနသင်္ဂဟကျမ်းနှင့် ဆေးပညာဥပဒေသကျမ်းများတွင် ပြဆိုထားပါသည်။

ယခုကဲ့သို့ အပူရှိန်ပြင်းထန်သောကာလများတွင် အောက်ဖော်ပြပါ နေထိုင်ကျင့်ကြံဖွယ်အချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်-

လိုက်နာဆောင်ရွက်ရန်

၁။ နေ့လယ်နေ့ခင်း နေပူပြင်းချိန် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါး(သို့မဟုတ်)ကရမက်လိမ်းကျံပါ။ ကံ့ကော်ပွင့်၊ ခရေပွင့်ခြောက်များကို သနပ်ခါးနှင့် သွေးလိမ်းပါ။ ပေါ့ပါး၍ပွသော ချည်ထည်များ ဝတ်ဆင်ပါ။ ချောင်ချိပေါ့ပါးသည့် ကတ္တီပါဖိနပ်ကဲ့သို့ ညှပ်ဖိနပ်ကိုစီးပါ။

၂။ အရိပ်ရ၍ အေးမြသောအဆောက်အအုံ၊ သစ်ပင်၊ ရေတွင်း၊ ရေကန်အနီးတွင် နေထိုင်ပါ။ နေပူထဲတွင် အလုပ်လုပ်ကိုင်ပါက နေရိပ်ထဲသို့ မကြာခဏသွားရောက်အနားယူပါ။

၃။ ထမင်း၊ ဟင်းချက်ပြုတ်ချိန်ကို အချိန်တိုအတွင်း ပြီးစီးအောင်ဆောင်ရွက်ပါ။

၄။ ခန္ဓာကိုယ်မှ ရေနှင့်အခြားဓာတ်များ ဆုံးရှုံးမှုမှကာကွယ်ရန် သန့်ရှင်းသောရေကို တစ်နေ့လျှင် အနည်းဆုံး ရေသန့် လေးဘူးမှ ခြောက်ဘူးအထိ သောက်ပါ။

၅။ ဘူးသီး၊ ကျောက်ဖရုံသီး၊ သခွားသီး၊ ဖရဲသီး၊ မုန်လာဥ၊ မြင်းခွာရွက်၊ ဟင်းနုနယ်ရွက်၊ မုန်ညင်းရွက်၊ ကင်ပွန်းချဉ်ရွက်၊ ရွှေဖရုံသီး၊ ထောပတ်သီး စသည့်အရည်ရွှမ်း၍ လတ်ဆတ်သောသစ်သီးများနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးပါ။

၆။ ငါး၊ ဥ၊ ပဲအမျိုးမျိုးနှင့် အစေ့အဆန်များကို မျှတအောင်စားပေးပါ။

၇။ အိပ်ရေးဝဝအိပ်ပါ၊ ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်ကန်စေရန် ဂရုစိုက်ပါ။

၈။ စိတ်ဖိစီးမှုနှင့် စိုးရိမ်သောကများကင်းဝေးအောင် ကြိုးစားနေထိုင်ပါ။

၉။ ကလေးသူငယ်များအား သနပ်ခါး၊ နံ့သာဖြူ၊ ကရမက်တို့ကို ရေအေးအေးဖြင့် ခပ်ကျဲကျဲလိမ်းပေးပါ။

၁၀။ မိတ်ဖုများ၊ ယားနာများဖြစ်ပါက အကင်းဆယ်ပါးဆေးကို မန်ကျည်းခေါက်နှင့် သွေးလိမ်းပါ။

၁၁။ ညအိပ်ရာဝင်ချိန်တွင် မန်ကျည်းဖျော်ရည်ကို သောက်သုံးပါ။

၁၂။ မူးဝေခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အဖျားကြီးခြင်းနှင့် ကြွက်တက်ခြင်း စသည်တို့ဖြစ်လျှင် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံး သွားရောက်ကုသမှုခံယူသင့်ပါသည်။

ရှောင်ကြဉ်ရန်

၁။ နေပူတွင်သွားလာသည့်အခါ အရိပ်လုံလောက်စွာရရှိနိုင်သည့် ဆောင်းစရာမပါဘဲ သွားလာခြင်းမှ ရှောင်ကြဉ်ပါ။

၂။ ထူထဲ၍ အရောင်ရင့်ပြီး အပူစုပ်ယူသော အဝတ်များဝတ်ဆင်ခြင်းမှ ရှောင်ကြဉ်ပါ။

၃။ နေ့ခင်းအချိန်တွင် ပင်ပန်းစွာ ကိုယ်လက်လှုပ်ရှားခြင်း၊ ပင်ပန်းစွာ အလုပ်လုပ်ကိုင်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

၄။ အပူရှိန်ပြင်းထန်သော နေ့ခင်းကာလနှင့် ချွေးထွက်လွန်သည့်အချိန်တွင် ရေချိုးခြင်းမှရှောင်ကြဉ်ပါ။

၅။ နေပူမှ ပြန်ရောက်ရောက်ချင်း ရေခဲရေသောက်ခြင်း၊ ရေအေးချိုးခြင်းနှင့် သနပ်ခါးလိမ်းခြင်းတို့ကို ရှောင်ကြဉ်ပါ။

၆။ ရေစိုအဝတ်ဝတ်ခြင်း၊ အခင်းမပါသော သမံတလင်းတွင် အိပ်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

၇။ ရာသီဥတုပြင်းထန်ချိန်တွင် အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကော်ဖီခါးခါး၊ လက်ဖက်ရည်ပြင်းပြင်းနှင့် အချိုရည်များ သောက်သုံးခြင်းတို့ကို ဆင်ခြင်ပါ။

၈။ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကို လေလုံသောအခန်း သို့မဟုတ် မော်တော်ယာဉ်အတွင်း အချိန်ကြာမြင့်စွာ နေထိုင်စေခြင်းမှ ရှောင်ကြဉ်ပါ။

၉။ ရေခဲရေ မကြာခဏသောက်ခြင်း၊ ပန်ကာလေ အချိန်ကြာမြင့်စွာခံခြင်းမှ ဆင်ခြင်ပါ။

၁၀။ ဒံပေါက်၊ ကောက်ညှင်းနှင့် ဆီကြော်မုန့်များကဲ့သို့ ကြေညက်ခဲသော အစားအစာများ စားသောက်ခြင်းမှ ဆင်ခြင်ပါ။

၁၁။ ဝမ်းပျက်ဝမ်းလျှောစေတတ်သော ယင်နားစာများ၊ အမှည့်လွန်သစ်သီးများ၊ မလတ်ဆတ်သော နို့နှင့်နို့ထွက်ပစ္စည်းများ၊ ရက်လွန် အသား၊ ငါးများ၊ လက်လုပ်ချဉ်များ စားသောက်ခြင်းမှ ရှောင်ကြဉ်ပါ။

၁၂။ ပြင်းထန်သော ဝမ်းနုတ်ဆေး၊ ဆီးဆေးများသုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ။

တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံ ပထမနေ့ကျင်းပ

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယကက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံသို့ တက်ရောက်လာကြသော စာပေပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၆

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံ ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ်ညီလာခံကျင်းပရေး ဗဟိုကော်မတီနာယကက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

ထူးခြားအေးမြသည့် လစ၏ပုံရိပ်လွှာ

နေပြည်တော် မေ ၁၆

အာကာသ၌ နေ၊ ကမ္ဘာ၊ အရံဂြိုဟ်လနှင့် ကြယ်တာရာများ ဖြစ်ထွန်းတည်ရှိလျက်ရှိရာ ဂြိုဟ်တာရာတစ်ခုချင်းအလိုက် ကိုယ်ပိုင်ဂုဏ်သတ္တိများရှိကြရာဝယ် နေဂြိုဟ်သည် အလင်းရောင်နှင့်အပူဓာတ်၊ အရံဂြိုဟ်လသည် အလင်းရောင်နှင့် အအေးဓာတ်တို့ရှိသည့်အပြင် ကြယ်တာရာများကား အာကာသဓာတ်သဘောကို ထိန်းညှိပေးလျက်ရှိသည်။

<u>လွှမ်းခြုံထိန်းညှိ</u>

၂၀၁၀ခုနှစ် မေ ၁၆ရက် ည ၇နာရီ ၁၉မိနစ်က အာကာသ၌ အအေးဓာတ်ကို ဖြန့်ဝေပေးနေသည့် အရံဂြိုဟ်လအနီး အာကာသဓာတ်ကို ထိန်းညှိပေးသည့် ကြယ်တာရာတို့ နီးကပ်စွာ ဖြစ်ပေါ်ခဲ့ရာ ကမ္ဘာမြေအား အေးမြသောဓာတ်ကို လွှမ်းခြုံထိန်းညှိဖြန့်ဝေပေးသည့်သဘောကို ထင်ဟပ်ဖော်ညွှန်းလျက် ဤသို့ မြင်တွေ့ရသည်မှာ....။ (ဓာတ်ပုံ-တင်စိုး) (မြန်မာ့အလင်း)